


# "သာသနာတွင်းသား ဖြစ်ပြီလား"
# ပြင်ချိန်ရှိတုန်း ပြင်လိုက်ကြပါ

(၂၂၃)

ဟောကြားသည့်နေ့
၉-၈-၆၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်အရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၇) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

0159

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားသောတရားတော်

# ''သာသနာတွင်းသားဖြစ်ပြီလား''
# ပြင်ချိန်ရှိတုန်းပြင်လိုက်ကြပါ

ဟောကြားသည့်နေ့
(၉-၈-၁၉၆၁)

THITSARPARAMI LIBRARY
Date ..........

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားသော တရားတော်

# "သာသနာတွင်းသားဖြစ်ပြီလား"

# ပြင်ချိန်ရှိတုန်းပြင်လိုက်ကြပါ

ဟောကြားသည့်နေ့ (၉-၈-၆၁)

သာသနာတွင်းသားလား၊ သာသနာပသားလားဆိုတဲ့ ဥစ္စာ ရှေ့ပိုင်းမှာ နည်းနည်းပြောကြည့်မယ်နော်. . . (မှန်ပါ့)။

အားလုံးတရားနာလာကြတဲ့ ဒကာ ဒကာမတွေသည်တဲ့ ငါသည် ယခု သာသနာတော်ကြီးကတော့ဖြင့် ရှိသေးတယ်၊ ရှိပင်ရှိငြားသော်လည်း ငါသည် သာသနာတွင်းသားဟုတ်ပါရဲ့လား၊ သာသနာပသားများ ဖြစ်နေရော့လားလို့ ဆိုတာကိုလည်း ကိုယ့်ဟာကိုယ်တွေးကြပါ. . . (မှန်ပါ့ဘုရား)။

## မြင်ချိန်ရှိတုန်းမြင်လိုက်ကြပါ

အကယ်၍ သာသနာပသား ဖြစ်နေသေးတယ်၊ သာသနာတွင်းရှိငြားသော်လည်း သာသနာပသားဖြစ်နေသေးလည်း မြင်ချိန်ရှိတုန်းမြင်လိုက်ကြပါ. . . (မှန်ပါ့)။

ကောင်းပြီ- ဒါဖြင့် သာသနာတွင်းသားမှာ ရှိတဲ့ဉာဏ်. . . သာသနာပသားမှာရှိတဲ့ ဉာဏ်-နှစ်ဉာဏ်ကို ရှေ့ပိုင်းမှာ ပြပေးမယ်. . . (မှန်ပါ့)။

အားလုံး ဒကာ ဒကာမတွေ ဒီမှာပြတာကိုလည်း မြင်တဲ့ပုဂ္ဂိုလ်ကြည့်ကြပေါ့ဗျာ. . . (မှန်ပါ့)၊ ၁-နံပါတ်က ကမ္မဿကတဉာဏ်၊ ၂-နံပါတ်က သစ္စာနုလောမိကဉာဏ်လို့ ဉာဏ်နှစ်မျိုးထားပါ. . . (မှန်ပါ့)။

(၁) နံပါတ်က ကမ္မဿကတဉာဏ်. . . (မှန်ပါ့)၊

(၂) နံပါတ်က သစ္စာနုလောမိကဉာဏ်လို့ နှစ်မျိုးရှိပါတယ်. . . (မှန်ပါ့)။

(၁) နံပါတ်က ဘာပါလိမ့်. . . (ကမ္မဿကတဉာဏ်ပါဘုရား) ၂-နံပါတ်က ဘာပါလိမ့်. . . (သစ္စာနုလောမိကဉာဏ်ပါဘုရား)။

### သာသနာပသား ;

အဲဒီတော့ သာသနာပ ဖြစ်နေတဲ့ပုဂ္ဂိုလ်မှာတော့ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ ဒါနလုပ်ရင် ကောင်းကျိုး

ပေးတယ်၊ သီလလုပ်ရင် ကောင်းကျိုးပေးတယ်၊ သီလ ဆောက်တည်လည်း ကောင်းကျိုးပေးတယ်လို့ ဉာဏ်မျှရှိတာသည် ကမ္မဿကတာဉာဏ်. . . (မှန်ပါ့)။

ဒါ သာသနာပလို့ မှတ်လိုက်၊ (မှန်ပါ့ဘုရား)၊ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ (သာသနာပပါဘုရား) သာသနာပလည်းရှိတာပဲတဲ့၊ ကိုယ့်သန္တာန်လည်း ဒါ သာသနာတွင်း ဉာဏ်မရောက်သေးလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဝေးနေသေးတယ်၊ (မှန်ပါ့ဘုရား)။

## ကမ္မဿကတာဉာဏ်

ဒါနလုပ်ရင် အကျိုးပေးတယ်၊ သီလဆောက်တည်လို့ရှိရင် အသက်ရှည်တယ်၊ နတ်ပြည်ရောက်တယ်လို့ ဤမျှလောက်သိတဲ့ဉာဏ်သည် ကမ္မဿကတာဉာဏ်. . . (မှန်ပါ့)၊ ဒီဉာဏ်ကို သာသနာပဉာဏ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)။

ဒီဉာဏ်ကို ဘယ့်နှယ်မှတ်ကြမယ် . . . (သာသနာပဉာဏ်ပါဘုရား)။

ဒကာကြွယ် သေသေချာချာစဉ်းစားပါနော်. . . (မှန်ပါ့)၊ ကိုယ် ဘယ်အခြေအနေဆိုက်နေတယ်၊ ဒို့ဟာ သာသနာတွင်းတော့ မွေးဖွားကြပါရဲ့၊ ဉာဏ်က ဒီဉာဏ်မျှဆုံးနေမယ်ဆိုရင်ဖြင့်

သာသနာပညာဏ်ထဲမှာပဲ သက်ဝင်နေတယ်. . . (မှန်လှပါ)၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

## အနိစ္စတွေသိတဲ့ဉာဏ်

ဒါဖြင့် ဒကာ ဒကာမတို့ ဒုတိယဉာဏ်ကလေး ပြောပါဦးမယ်၊ (မှန်ပါ့)၊ ဒုတိယဉာဏ်ကတော့ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ခန္ဓာငါးပါးရှိတဲ့အနက်က ဖြစ်ပြီးပျက်တဲ့ အနိစ္စလေးတွေ သိတဲ့ဉာဏ်၊ ဖြစ်ပြီး ပျက်တဲ့ ဒုက္ခသစ္စာကလေးတွေ သိတဲ့ဉာဏ်၊ ဖြစ်ပြီး ပျက်တဲ့ အနတ္တကလေးတွေ သိတဲ့ဉာဏ်က သစ္စာနုလောမိကဉာဏ်၊ (မှန်ပါ့)၊ ဒါက သာသနာတွင်းမှာ ပေါ်လာတဲ့ဉာဏ်. . . (မှန်ပါ့)။

ဒါဖြင့် သာသနာပညာဏ်က တိုတိုမှတ်ကြပါစို့ဆိုတော့ . . . ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်ဆိုတဲ့ သိတဲ့ဉာဏ်သည် သာသနာပညာဏ်. . . (မှန်ပါ့)။

## သစ္စာနုလောမိကဉာဏ်

ခန္ဓာကိုယ်ထဲ၌ ဝေဒနာကလေးတွေ ပေါ်လိုက်ပျောက်သွားလိုက်၊ ဩော်. . . ဝေဒနာက္ခန္ဓာကလေးတွေလည်း ဖြစ်ပျက်ပါလား. . . ၊စိတ်ကလေးတွေ ပေါ်လိုက် ဖြစ်ပြီးပျက်သွားလိုက်၊

ဒါကလေးတွေ ကြည့်တတ်တဲ့ ဉာဏ်ကတော့ သစ္စာနုလောမိက ဉာဏ်လို့ ခေါ်ပါတယ်၊ (မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဝိပဿနာ အလုပ်ကို ဆရာ့ဆီမှာ နည်းကျကျမလုပ်လို့ရှိရင်ဖြင့် သာသနာ ပဉာဏ်နဲ့ပဲ နေပြီး သာသနာပဉာဏ်နဲ့ပဲ သေကြလိမ့်မယ်၊ (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ သစ္စာနဲ့လျော်တဲ့ဉာဏ် မရဘူး (မရပါဘုရား)၊ မရတော့ ဦးလှဘူးတို့ သာသနာတွင်းသားမဖြစ် လိုက်ရဘူး၊ (မှန်ပါ့)၊ မဖြစ်လိုက်ရတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူး၊ (မရပါ)၊ တယ်လည်းနာပါလား . . . (နာပါတယ် ဘုရား)။

ဒါ ယနေ့ အရှေ့ပိုင်းမှာ ဝေဖန်တာကိုလည်း ဒကာ ဒကာမတွေက ဩော် . . . ကိုယ့်ကိုယ်ကို ငါသည် သာသနာ တွင်းသားအလုပ် လုပ်မိလေရော့လား၊ သာသနာပ အလုပ်နဲ့ပဲ ငါသည် တင်းတိမ်နေသလားဆိုတာကိုလည်း ဒကာသစ်တို့ ဝေဖန်တော့၊ (မှန်ပါဘုရား)။

## သာသနာတွင်းသားရှားတယ်

တိုတိုနဲ့ရှင်းရှင်းပြောကြပါစို့လို့ ဒကာ ဒကာမတွေကို ပြောရမယ်ဆိုရင်ဖြင့် သာသနာပဉာဏ်နဲ့ လမ်းဆုံးနေတာက များ

တယ်၊ (များပါတယ်ဘုရား)၊ သာသနာတွင်း ဉာဏ်ရောက်တဲ့ ပုဂ္ဂိုလ်ရှားတယ်၊ (ရှားပါတယ်ဘုရား)။

သာသနာတွင်းဉာဏ် မရောက်တော့ သစ္စာမသိ၊ သစ္စာ မသိတော့ မဂ်ဉာဏ်မရ၊ (မှန်ပါ့)၊ မဂ်ဉာဏ်မရတော့ နိဗ္ဗာန် မရောက်၊ နိဗ္ဗာန် အာရုံမပြုနိုင်၊ (မှန်ပါ့)၊ ဒီလိုဖြစ်နေတော့ . . . ဒကာတွေယ်ရေ- အားလုံးသောဒကာ ဒကာမတွေ အမိ၊အဖ ဆွေမျိုးဉာတကာတွေပြောရတယ်၊ သာသနာပ ဉာဏ်ကလေးနဲ့ ဒကာ ဒကာမတွေ လမ်းဆုံးမနေပါနဲ့၊ (မှန်ပါ့)၊ သာသနာတွင်း ဉာဏ်ကလေးကိုလည်း ကြိုးစားလိုက်ပါဆိုတာကို ဒီကနေ တိုက်တွန်းပါတယ်၊ (မှန်ပါ့)၊ မတိုက်တွန်းသင့်ဘူးလား၊ (တိုက်တွန်းသင့်ပါတယ်ဘုရား)။

## သာသနာပလုပ်တဲ့အလုပ်တွေ

မွေးတာက သာသနာတွင်း၊ (မှန်ပါ့) အဆုံးအမခံတာက သာသနာပဉာဏ်ဆိုတော့ ဒါက သာသနာပ, မှာလည်းဝေလာမ ပုဏ္ဏားတို့ အလုံးစုံအကုန်လှူဒါန်းပေးကမ်း သီတင်းသီလ ဆောက်တည်နေကြတာပဲ၊ (မှန်ပါ့) သာသနာပ, လုပ်တဲ့အလုပ် တွေ၊ (မှန်ပါ့)၊ သာသနာတွင်းမှ ဒီကမွှသကတဉာဏ်လည်း လုပ် ရမယ်၊ (မှန်ပါ့)၊ သစ္စာနဲ့လျော်တဲ့ ဖြစ်ပျက်ရှုတဲ့ဉာဏ်လည်း၊ (လုပ် ရမှာပါဘုရား)။

ဒါမှ သာသနာ့တွင်းသားဖြစ်ပြီးသကာလ ဒကာ ဒကာမ တို့ သာသနာ့အရိပ်ခိုပြီးသကာလ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန် ကူးသွားနိုင်တယ်၊ (မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တော်လောက် ပြီဆိုတဲ့စကားမသုံးပဲနဲ့ ကျုပ်သည် ဒါနလည်းများခဲ့ပါပြီ၊ သီလ ဆိုတာလည်း ကျုပ် ဥပုသ်နေ့တိုင်း ဆိုသလိုပဲ ငါးပါးသီလလည်း လုံအောင်ထိန်းလို့ ရှစ်ပါးသီလလည်း ဥပုသ်နေ့စောင့်ပြီး တော်လောက်ပြီဆိုပြီးနေတဲ့ ပုဂ္ဂိုလ်များသည် သာသနာပ ကမ္မဿကတဉာဏ်နဲ့ နေတဲ့ ပုဂ္ဂိုလ်လို့ မှတ်လိုက်၊ (မှန်ပါ့)။

## သာသနာ့တွင်းသားကတော့

သာသနာ့တွင်းသားကတော့ ဒီလိုမဟုတ်ပါဘူး၊ ကမ္မဿကတဉာဏ် အလုပ်ကိုလည်း လှူမှု တန်းမှု သီတင်းသီလ ဆောက်တည်မှုလည်း လုပ်ပါတယ်၊ (မှန်ပါ့)။

သစ္စာနုလောမိကဉာဏ်ဆိုတဲ့ ဖြစ်ပျက်ကိုလည်း ရှုမိပါ တယ်၊ (မှန်ပါ့) ဒီဖြစ်ပျက်ရှုမိမှသာလျှင်လည်း ဒကာ ဒကာမတို့ သာသနာ့တွင်းသားဖြစ်ပြီး သမ္မာဒိဋ္ဌိဖြစ်ပါတယ်၊ (မှန်ပါ့)။

ဒကာကြွယ် ရှင်းပလား၊ (ရှင်းပါပြီ) သာသနာပဉာဏ်က ဘယ်တွင် လမ်းဆုံးပါလိမ့်၊ (ကမ္မဿကတဉာဏ်ပါ) ကမ္မဿ ကတဉာဏ်တွင် လမ်းဆုံးတယ်၊ (မှန်ပါ့)။

သာသနာတွင်းသားကတော့ ဘယ်ဉာဏ်ကျအောင် တက်လိုက်ပါလိမ့်၊ (သစ္စာနုလောမိကဉာဏ်ကျအောင် တက်ပါတယ်ဘုရား သစ္စာနုလောမိကဉာဏ်ဆိုတာ ကိုယ့်ခန္ဓာကိုယ်၏ ဖြစ်ပျက်ကို သိတဲ့ဉာဏ်၊ (မှန်ပ့ါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်အဝင်ဝရောက်သွားပြီ

ကိုယ့်ခန္ဓာဖြစ်ပျက်ကို သိတဲ့ဉာဏ်သည် သစ္စာနုလောမိကဉာဏ်၊ သစ္စာနဲ့ လျော်တဲ့ဉာဏ် ဖြစ်လေသောကြောင့် နိဗ္ဗာန်အဝင်ဝရောက်သွားပြီ (မှန်လှပါဘုရား) သဘောပါပလား၊ (ပါပါပြီဘုရား)။

ဦးလှ ဒါသတိထားပါ၊ (မှန်ပ့ါ) ဒါ သတိထားပါ ဒကာဒကာမတို့၊ (မှန်ပ့ါ)။

ကိုင်း. . . ဒီနှစ်ခု အကျိုးအပြစ်ကို ပြောစမ်းပါဦး၊ ဉာဏ်နှစ်ခုကတော့ တပည့်တော်တို့ ရှင်းသွားပါပြီလို့ ဒကာဒကာမတွေက ဝန်ခံပြီပဲ ထားပါတော့၊ (မှန်လှပါဘုရား)။

ကမ္မဿကတဉာဏ်ဒါနပေးလှူ သီလဆောက်တည်ပြီး သကာလင ့ ့ ကောင်းတာလုပ်, ကောင်းကျိုးပေးတာမို့ ကျုပ်တို့လုပ်ရတာ. .။ မကောင်းတာလုပ် မကောင်းကျိုးပေးမှာမို့ ကျုပ်တို့ရှောင်ကြဉ်နေရတယ် ဆိုတဲ့ ကမ္မဿကတဉာဏ်က သက္ကာယဒိဋ္ဌိမပြုတ်ဘူး၊ (မှန်လှပါ)။

ဒကာ ဒကာမတို့ ဘာထူးခြားပါလိမ့်၊ (သက္ကာယဒိဋ္ဌိ မပြုတ်ပါဘူး)။

## နတ်ရွာသုဂတိရောက်တယ်

သက္ကာယဒိဋ္ဌိမပြုတ်တော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ဒါနအကျိုးဆက်ကြောင့် နတ်ရွာသုဂတိရောက်၊ သီလအကျိုးဆက်ကြောင့် နတ်ရွာ သုဂတိရောက်တာ ဧကန်ပါပဲ၊ (မှန်လှပါ)၊ သက္ကာယဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌာနုသယကပါသွားတော့ကိုတဲ့ အပါယ်လေးပါးပြန်ကျနိုင်တယ်၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါ ပြီဘုရား)။

အပါယ်လေးပါးကို ပြန်ကျနိုင်ပါတယ်ဘုရား အို. . . ဒါဖြင့် ဒို့သည်ကား-လို့ ဆိုလို့ရှိရင်ဖြင့် အပါယ်လေးပါး ပြန်မကျတဲ့ အလုပ်ကိုလည်း အကူအညီယူဦးမှပဲဆိုတဲ့ ဥစ္စာကိုလည်း စိတ်ထားပြင်း ပြင်းထန်ထန်နဲ့ မွေးကြပါ၊ (မှန်လှပါ)။

အပါယ်မကျတာက ဘာတုံး-လို့မေးတဲ့အခါကျတော့ သစ္စာနုလောမိကဉာဏ်ရမှသာလျှင် ဒကာ ဒကာမတို့ မဂ်ဉာဏ်သေသေချာချာဆိုက်ပါတယ်၊ (မှန်ပါ)။

## မဂ်ဉာဏ်ရမှသာသနာတွင်းသား

အဲဒီကျတော့ "စတူဟာပါယေဟိစ ဝိပ္ပမုတ္တော" စတူဟိ အပါယေဟိ၊ လေးပါးသောအပါယ်တို့မှ။ ဝိပ္ပမုတ္တော၊

လွတ်သည်။ ဟောတို၊ ဖြစ်၏။ အင်း. . . သစ္စာနုလောမိကဉာဏ် ကနေတက်ပြီး မဂ်ဉာဏ်ရလိုက်တော့မှ သာသနာတွင်းသား ဖြစ်သောကြောင့် အပါယ်လေးပါးလွတ်ပြီး နတ်ပြည်တက်၊ နတ်ပြည်ကနေ နိဗ္ဗာန်ကူးဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကမ္မဿကတ ဉာဏ်လောက်နဲ့ တင်းတိမ်မနေဘဲနဲ့ သစ္စာနုလောမိကဉာဏ်ဖြစ်ပျက်ရှုတဲ့ဉာဏ်ကိုပဲ အင်း- ဒို့လိုသေးတယ်၊ ဖြည့်ဦးမယ်-ဆိုတဲ့စိတ်ကို ယနေ့သန်သန်ထွားထွားမွေးပါ၊ (မှန်ပါ)။

ဒီစကားနှစ်လုံးဟာ ဒကာ ဒကာမတို့နားရှိလို့ကြား၊ ရဲ ဆရာကောင်း သမားကောင်းပြောဆိုလို့နားထောင်ရ-ဆိုတဲ့ အတိုင်း ဒီစကားနှစ်လုံးသည်ကားလို့ဆိုယင် ဒို့-တင်းတိမ်နေတာ များသေးရင် ပြင်လိုက်ကြပါ၊ (မှန်လှပါဘုရား)။

ဟာ- တပည့်တော်တို့ ကမ္မဿကတဉာဏ်လည်းလုပ်ပါ တယ်ဘုရား၊ သစ္စာနဲ့ လျော်တဲ့ဖြစ်ပျက်အနိစ္စအလုပ်ကိုလည်း ရှုပါတယ်ဘုရားလို့ဆိုလို့ရှိရင်ဖြင့် ဒီ- ဒကာ ဒကာမတွေသည် သာသနာတွင်းသားဖြစ်ပါတယ်၊ (မှန်လှပါ)။

ဒါဖြင့် သာသနာပသားကဖြင့် ကမ္မဿကတဉာဏ်၊ အတ္တဒိဋ္ဌိသက္ကာယဒိဋ္ဌိ မပြုတ်ဘူး၊ (မပြုတ်ပါဘုရား)။

## နိဗ္ဗာန်တောက်လျှောက်ကူးချင်လို့ရှိရင်

သာသနာတွင်းဖြစ်ချင်လို့ရှိရင် အပါယ်လေးပါးကိုလည်း

တစ်ခါတည်းမကျဘဲနဲ့ နိဗ္ဗာန်တောက်လျှောက်ကူးချင်လို့ရှိရင် ကမ္မဿကတဉာဏ်ပဲလုပ်ပါ၊ ဒါန သီလလည်းလုပ်ပေါ့ဗျာ၊ (မှန်ပါ့) ဝိပဿနာအလုပ်ကိုလည်း၊ (လုပ်ရပါမယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကျုပ်တို့ သာသနာတွင်းသားဖြစ်အောင် ဒါနသီလလည်း မကင်းကြပါစေနဲ့၊ ဝိပဿနာဉာဏ်ကိုလည်း အထွတ်အထိပ် တပ်ပါလို့ဆိုတာ ဒီကနေပြီး သတိပေးပါတယ်၊ (မှန်လှပါဘုရား)။

ဒီစကားဟာ ဒကာ ဒကာမတို့ ဘယ့်အတွက်ကြောင့် ဒါလောက်တောင် ပြောဆို မှာပြီးသကာလ ဒကာသစ်နေရပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့မှ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ကိုယ့်ဟာကိုယ် သိသလောက်ကလေးနဲ့ ကျုပ်တို့ ဒါနသီလ တွေစုံပြီး၊ ဘာလုပ်စရာလိုသေးသတုံးဆိုတဲ့ အသွားတွေကလည်း ဒကာကြွယ်များတယ်နော်၊ (မှန်ပါ့-များပါတယ်ဘုရား) မများဘူးလား၊ (များပါတယ်ဘုရား)။

## မှားနေလို့ပြင်ပေးရတယ်

ကျုပ်တို့ ဒါနလည်းစုံပြီ. . .၊ သီလလည်း တယ်မပျက်ပါဘူး. . ဒါကြောင့် ကျုပ်တို့ဖြင့် သေပျော်ပေါ့. . . လို့ဆိုပြီး အပါယ်စိတ် မချရဘဲနဲ့ သေပျော်ပေါ့ဆိုတော့ ဒါ-မှားနေလို့

ပြင်ပေးတာပဲလို့ ပဏ္ဍာသ ပါဠိတော်လို့ မှတ်လိုက်ပါ၊ (မှန်လှပါ ဘုရား) မှားနေလို့ ပြင်ပေးရပါတယ်၊ (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒါန, သီလလည်းလုပ်ပါ၊ (မှန်ပါ့ဘုရား)။ ဝိပဿနာလည်း (လုပ်ရ မှာပါဘုရား)။

မလုပ်လို့ ဝိပဿနာ ချွင်းချက် ထားခဲ့သော် သာသနာ ပသားဖြစ်တယ်၊ (မှန်ပါ့) ဝိပဿနာ လုပ်ခဲ့သော် (သာသနာ တွင်းသား ဖြစ်ပါတယ်ဘုရား) သာသနာတွင်းသား ဖြစ်သွား တယ်ဆိုတာ ဒကာလှတို့လည်း သေသေချာချာ မှတ်ရလိမ့်မယ်၊ (မှန်ပါ့) မမှတ်ထိုက်ဘူးလား၊ (မှတ်ထိုက်ပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့သည် ဒီဒကာဒကာမတွေအား ခေါင်းဆောင်လုပ်ပြီးသကာလ အပါယ်လေးပါး တံခါးပိတ်ပြီး သကာလ နိဗ္ဗာန်ဆိုတဲ့ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို အရောက် ပို့တော့မယ်ဆိုတော့ ဒကာဒကာမတို့ သစ္စာ နုလော မိကဉာဏ် မပေးရင် မတော်ဘူး၊ (မှန်လှပါ) ဒကာကြွယ် တော်ပ့ါမလား (မတော်ပါဘုရား)။

## ပင်ပန်းခံပြီး နာကြ၊ မှတ်ကြ

အေး . . . ဒါကြောင့် ပင်ပန်းခံပြီး နာကြ, မှတ်ကြတဲ့ ဒကာဒကာမတွေမှာဖြင့် "ဒို့ဖြင့် ယနေ့သစ္စာ နုလောမိကဉာဏ်

ဖြစ်တဲ့ ဝိပဿနာဉာဏ်၊ ၎င်းရင့်ကျက်သွားလို့ရှိရင် မဂ်ဉာဏ်ဖြင့် ငါတို့ရတော့မှာပဲ၊ အပါယ်လေးပါး တံခါးပိတ်၍ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်, ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်, ထောင့်ငါးရာကိုလေသာ အပူခာတ်, အလောင်ခာတ်တို့၏ ငြိမ်းသတ်ရာ ဖြစ်တဲ့ နိဗ္ဗာန်ကိုဖြင့် သာသနာတွင်းသားမှပဲ ရောက်နိုင်တယ် ဆိုတာကို" တထစ်ချ ဆုံးဖြတ်ချက်ချပြီး သာသနာတွင်းသား အလုပ်ကို လုပ်ပါတော့မယ်လို့ ဆုံးဖြတ်ချက်ချပါ၊ (မှန်လှပါ) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

## သာသနာတွင်း အလုပ်ဆိုတာ ဘာပါလိမ့်

ကဲ . . . ဒါဖြင့် သာသနာတွင်း အလုပ်ဆိုတာ သမ္မာဒိဋ္ဌိ အလုပ်လို့ မှတ်လိုက်ပါ၊ (မှန်ပါ့)။

သာသနာတွင်း အလုပ်ဆိုတာ ဘာပါလိမ့်၊ (သမ္မာဒိဋ္ဌိ အလုပ်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် သဠာယတန သံယုတ် ပါဠိတော်မှာ၊ သဠာယတန သံယုတ်ပါဠိတော်ဆိုတော့ ဘုရားကိုယ်တော်တိုင် ဟောတယ်လို့ ဦးလှဘူး မှတ်လိုက်စမ်းပါ၊ (မှန်လှပါ)။

ပါဠိထဲမှာ - ပါဠိဆိုရင် သာမညနော်၊ (မှန်ပါ့) ပါဠိထဲမှာ တော်ဆိုတဲ့ ပါဠိတော်ဆိုပြီး တော်ထပ်လာလို့ရှိရင် ဘုရား ကိုယ်တော်တိုင်ဟောလို့ ချွင်းချက်မရှိ မှန်တဲ့သဘောကို ယူလိုက်ပါ၊ (မှန်ပါ့) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် သဗ္ဗာယတန သံယုတ်ပါဠိတော်ကိုပဲ ဒကာ ဒကာမတွေကို အလုပ်ပေးပါတော့မယ်၊ (မှန်ပါ) အဲဒီပါဠိတော်ကို ဒကာဒကာမတွေ အလုပ်လုပ်ရမည့် ပါဠိတော်ဆိုတာ ဒကာသစ် သေသေချာချာမှတ်ပါ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီပါဠိတော်ကြီးကို ဘုန်းကြီးက အလုပ်စဉ် သွင်းပြီးသကာလ ဒကာဒကာမတွေ ခန္ဓာဉာဏ်ရောက် ပြတော့ မယ်ဆိုတော့ လုပ်ခြင်းကြောင့် ဘာကျေးဇူးရှိသလဲလို့ မေးတဲ့ အမေးကို ဖြေရအောင် ကိုယ့်အမှား ဆယ့်နှစ်ချက်ကို ရှေ့ပိုင်း က သင်ထား၊ (မှန်ပါ့ဘုရား)။

## ဝိပ္ပလ္လာသအမှားဆယ့်နှစ်ခု

ကိုယ့်အမှား ဆယ့်နှစ်ချက်ကို (ရှေ့ပိုင်းက သင်ထား ရပါမယ်ဘုရား)။

ဒါက ခန္ဓာငါးပါး ခန္ဓာငါးပါးကို ဝိပ္ပလ္လာသ အမှား ဆယ့်နှစ်ခုနဲ့ ဒကာကြွယ်မှတ်ထားရလိမ့်မယ်၊ (မှန်ပါ့ဘုရား)။

ဒီခန္ဓာငါးပါးဆိုတဲ့ ဥစ္စာ ဘယ်လိုပြောပြော အနိစ္စတရား ပဲ ဖြစ်ပြီး ပျက်တာချည်းပဲ (မှန်ပါ့ဘုရား)။

ဒါဖြင့် အနိစ္စကို နိစ္စလို့၊ နိစ္စဆိုတာ = ခိုင်တယ်မြဲတယ် လို့ မှတ်ထားတဲ့ အမှတ်မှား၊ (မှန်ပါ့) ခိုင်တယ်, မြဲတယ်လို့ သိထားတဲ့ အသိမှား။ (မှန်ပါ့) ခိုင်တယ်, မြဲတယ်လို့ ယူထားတဲ့ (အယူမှားပါဘုရား)။

## အနိစ္စကို နိစ္စလို့ သိတဲ့အမှား (၃) ချက်

အနိစ္စကို နိစ္စလို့ အမှတ်မှား၊ အသိမှား၊ အယူမှား၊ ဘယ်နှစ်ခုပါလိမ့် (သုံးခုပါ) သုံးခုမှတ်ထားလိုက်၊ (မှန်ပါ့ဘုရား)။

ဒီခန္ဓာငါးပါးကြီးဟာ ဘယ်အချိန်မဆို ဘုရားက မဟောရင်လည်း ဖြစ်ပျက်ဒုက္ခသစ္စာပဲ၊ (မှန်ပါ့) ဘုရားဟောတာကလည်း လက်ညှိုးညွှန်ပြတာရှိတာပဲ၊ နဂိုရ်က ဒုက္ခသစ္စာပဲ၊ (မှန်ပါ့ဘုရား)။

အဲဒီ ဒုက္ခသစ္စာကြီးကိုလည်း ဒကာဒကာမတွေ သုခလို့ မှတ်ထားပြန်လို့ရှိရင်လည်း အမှတ်မှား (မှန်ပါ့) ချမ်းသာတယ်၊ ဒီခန္ဓာကြီးရတာ ချမ်းသာတယ်လို့ မှတ်လို့ရှိရင်ဖြင့် အမှတ်မှား (မှန်ပါ့ဘုရား)။

## ဒုက္ခကို သုခလို့ သိတဲ့အမှား (၃) ချက်

ဒုက္ခကို သုခလို့ မှတ်ပြန်ရင် (အမှတ်မှားပါ)၊ ဒုက္ခကို သုခလို့ ကိုယ့်စိတ်ထဲက သိနေပြန်ရင်ကော. . . (အသိမှားပါ)။ ဒုက္ခတရားကြီးကို သုခလို့ ကိုယ် ကိုယ်တိုင်က ယူထားပြန်ရင်တော့ကော. . . (အယူမှားပါဘုရား)။

ဩော်. . . ဒါဖြင့် ဒုက္ခနောက်ကလည်း အမှားသုံးချက် (မှန်ပါ့ဘုရား)။

ဒီခန္ဓာကိုယ်ကြီးကတော့ "သဗ္ဗေဓမ္မာ အနတ္တာ" လို့ ဆိုတာ အထင်အရှား အမြင်သားပဲ၊ တနေ့တခြား အို၊ တနေ့ တခြား ယိုယွင်း၊ တစ်နေ့တခြား သွားတွေကြွလို့၊ တစ်နေ့တခြား ဆံပင်တွေဖြူပြီးသကာလ မဖြူပါနဲ့, မအိုပါနဲ့ အသားအရေ မတွန့်လိုက်ပါနဲ့ အင်အားဗလ မနည်းပါနဲ့ ဆိုလို့ ဒီခန္ဓာ ကိုယ်ကြီးက တားလို့ မြစ်လို့မှ မရနိုင်တဲ့ ခန္ဓာကိုယ်ကြီးဖြစ်သော ကြောင့် အနတ္တ၊ (မှန်ပါ့ဘုရား)။

အဲဒီအနတ္တ ခန္ဓာကိုယ်ကြီး လက်ရှိကိုပင်လျှင် ဒကာကြွယ် တို့က ဒါ-ငါပဲခိုင်တယ်, မြဲတယ်လို့ အမှတ်မှား ကလည်း မလာလား၊ (လာပါတယ်ဘုရား)။

## အနတ္တကို အတ္တလို့သိတဲ့အမှား (၃) ချက်

အနတ္တကို အတ္တလို့ မှတ်တာက အမှတ်မှား၊ (မှန်ပါ့) အနတ္တကို အတ္တလို့ သိတာဟာ၊ (အသိမှားပါ) အနတ္တတရား အစိုးမရပါဘူးဆိုလို့ရှိရင် အစိုးရတယ်၊ ကိုယ်သွားချင် သွားနိုင် တာပဲ၊ ကိုယ်လာချင် လာနိုင်တာပဲ၊ ကိုယ်စားနိုင်တာပဲ ဆိုတော့ မမာတော့ ရသေးရဲ့လား၊ (မရပါဘုရား)။

အဲဒီတော့ ဒီအယူမှားကြီးကိုလည်း အနတ္တကို အတ္တလို့ မှားတဲ့ အယူမှားကလည်း တစ်ချက်၊ (မှန်ပါ့) ပေါင်းလိုက်တော့ အနတ္တမှာ ဘယ်နှစ်ချက်ရသတုန်း၊ (သုံးချက်ရပါတယ်) ရှင်း သွားပြီ၊ (မှန်ပါ့ဘုရား)။

ကဲ. . . တစ်ခါသွားပါဦး ဒကာဒကာမတို့တဲ့၊ ဒီခန္ဓာကိုယ်ကြီးဟာ တစ်နေ့လုံး ချေးသုတ်လို့ မပြီးနိုင်၊ (မှန်ပါ့) အစာကလေး ထည့်လို့ကော၊ မပြီးနိုင်ပါ၊ ထည့်သည့် အစာတွေ စွန့်လို့ကော၊ (မပြီးနိုင်ပါဘုရား)။

အင်း . . သူက ထည့်တုန်းက သုဘလို့ ထင်ရတယ်၊ အတွင်းရောက်တော့ အသုဘနဲ့ ရောသွားတယ်၊ (မှန်ပါ့) ရောသွားတော့ ဒီခန္ဓာကိုယ်ကြီးဟာ အသုဘဖြစ်တဲ့ အစာတွေက ဖြစ်စေတဲ့ ရုပ်တွေ, သွေးတွေ, သံတွေ, ပြည်တွေ, သလိပ်တွေကလည်း အသုဘပဲ ဖြစ်ရတယ်၊ (မှန်ပါ့ဘုရား)။

ချေးတွေ, သွေးတွေက အသုဘဖြစ်ရတော့ ဒီခန္ဓာကြီးထဲမှာ ဘာတွေများ ရှိပါလိမ့်မတုံးလို့ တွေးမနေနဲ့ အသုဘပဲဆိုတာ ရှင်တဲ့ အသုဘပဲလို့မှတ်လိုက်၊ (မှန်ပါ့) ရှင်နေတုံး အသုဘ၊ (မှန်ပါ့ဘုရား)။

## အသုဘကို သုဘလို့ သိတဲ့အမှား (၃) ချက်

ဒါဖြင့် ဒကာဒကာမတွေက ဒီလိုတရားထူး တရားမြတ်ကို မသိရ, မသင်ရတဲ့ အခါကျလို့ရှိရင်ဖြင့် အသုဘကို သုဘလို့ မှတ်တဲ့ အမှတ်မှား၊ (မှန်ပါ့) အသုဘကို သုဘလို့ သိတဲ့၊ (အယူမှားပါ) အသုဘကို သုဘလို့ယူတဲ့ (အယူမှားပါဘုရား)၊ အမှား ဘယ်နှစ်ချက် လိုက်သလဲ (သုံးချက်လိုက်ပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာဒကာမတို့ ဒီတရားတွေ ရှိနေသရွေ့ ကာလပတ်လုံး ဒီခန္ဓာငါးပါးအပေါ်၌ အမှားဘယ်နှစ်ချက်ရှိပါလိမ့်၊ (ဆယ့်နှစ်ချက်ရှိပါတယ်) ဆယ့်နှစ်ချက်ရှိတယ်၊ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဒီခန္ဓာငါးပါးအပေါ်၌အမှားဆယ့်နှစ်ချက်ရှိတယ်ဆိုတာ သေသေချာချာမှတ်ထားကြပါ(မှန်ပါ့ဘုရား)။

## ဘယ်နှယ်ကြောင့်မှားကြပါလိမ့်

အဲဒီဆယ့်နှစ်ချက်ရှိနေတော့ ဘယ့်နှယ်ကြောင့်ဒီအမှားမှားရပါလိမ့်မလဲလို့ ဒကာကြွယ်တို့၊ ဦးလှအူးတို့က မေးဖို့မလိုလား၊ (လိုပါတယ်ဘုရား)။

ဩော်. . . ငါသည်ကားလို့ဆိုရင် မမှီဝဲကောင်းတာမှီဝဲတဲ့အတွက်" အသေဝနာစဗာလာနံ" ဆိုပြီး မိုက်တတ်တဲ့တရားကြောင့် မိုက်နေတာ၊ (မှန်ပါ့ဘုရား)။

"အသေဝနာစဗာလာနံ" ဆိုတဲ့အတိုင်း သဘောကျပလား (ကျပါပြီ) ဗာလာနံ = သူမိုက်တို့အား၊ အသေဝနာစ = မဟုတ်တာကို ဟုတ်တယ်လို့ မှီဝဲနေသောကြောင့် သူလူမိုက်၊ (မှန်ပါ့ဘုရား)။

"အသေဝနာစဗာလာနံ" ဒကာကြွယ်၊ သဘောကျပလား (ကျပါပြီ အသုဘကို သုဘလို့ မှတ်နေရင် "အသေဝနာစ

ဗာလာနံ့ပဲ" (မှန်ပါ့) အသုဘကို - သုဘလို့ သိနေရင်ကော . . . (အသေဝနာစဗာလာနံ့ပါပဲ) အသုဘကို - သုဘလို့ ထင်တယ်လို့ ယူနေပြန်ရင်ကော (အသေဝနာစ ဗာလာနံ့ပါဘုရား)။

ဒကာကြွယ်တို့က နှုတ်ချိုတဲ့သူတွေ ဖြစ်ပြီးသကာလ နေတော့ မင်းကြည့်ရတာကွာ. . .၊ ကြည့်လို့ တယ်ကြက်သရေ ရှိတယ်။ ကြက်သရေရှိတယ်၊ မင်းအရွယ်နဲ့ မလိုက်ဘူး နုပျို လိုက်တာ၊ (မှန်ပါ့) ဒကာကြွယ် ဒီအသုံးတွေကလည်း တယ် များတယ်၊ (များပါတယ်ဘုရား)။

ဒီအသုံးတွေက များတော့ သုံးတာကို ဘုန်းကြီးက ဒကာ ကြွယ်တို့ သုံးတာဟာ သူသုံးရိုးသုံးစဉ်မို့ သုံးတာပဲ၊ စင်စစ် အသုဘကို သု-သုဘထင်နေတာပဲ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာကြွယ်တို့ ဒကာသစ်တို့က ဘယ်ပါဠိတော် ထဲ သွင်းကြမတုံး၊ (အသေဝနာစ ဗာလာနံ့ပါ) ဟာ . . . ဒကာ ကြွယ် မရှက်နဲ့နော်၊ (မှန်ပါ့) ဒီအတိုင်း ဖြစ်တယ်၊ (ဖြစ်ပါတယ် ဘုရား) မဖြစ်ပေဘူးလား၊ (ဖြစ်ပါတယ်ဘုရား)။

## ငါမှားနေပါပေါ့လား

ဒီအတိုင်း ဖြစ်နေကြတယ် ဒကာဒကာမတို့ ညော် . . . ငါသည်ကားလို့ ဆိုရင် အသက်အရွယ်ကြီးလို့ မျက်စိတွေလည်း မွဲ ဆံပင်တွေလည်းဖြူ၊ အားအင်ဗလလည်း ချိနဲ့ နေပြားသော်

လည်း ငါ့မှာ "အသေဝနာစဗာလာနံ" မမှီဝဲကောင်းတာကို မှီဝဲပြီး သကာလ နှလုံးသွင်းမှားပြီး သကာလ ငါမှားနေပါ ပေါ့လား၊ (မှန်ပါ့) ဆိုတော့ အမှတ်မှားလည်း မိုက်တယ်၊ (မှန်ပါ့) အသိ အမှားကကော (မိုက်ပါတယ်ဘုရား)။

အယူမှားကကော (မိုက်ပါတယ်ဘုရား) အဲဒီတော့ ဘယ်ပါဠိတော်ထဲ ရောက်သလဲ၊ (အသေဝနာစ ဗာလာနံပါ ဘုရား)။

ဩော် . . . ဒကာကြွယ်တို့က အသေဝနာစ ဗာလာနံ ဆိုတဲ့ ဥစ္စာသည် သူမျှား မိုက်တာလား . . . တဲ့၊ (ကိုယ့်သန္တာန် ရှိတဲ့ ကိုယ့်အဝိဇ္ဇာအမိုက်ကြောင့် ဖြစ်ရတာလား (ကိုယ့်သန္တာန် ရှိတဲ့ အဝိဇ္ဇာ အမိုက်ကြောင့် ဖြစ်ရတာပါဘုရား) ပေါ်ပြီ (မှန်လှပါဘုရား)။

## မိုက်ချင်လို့ မိုက်တာလား

ပေါ်ပြီ ဒကာဒကာမတို့ မိုက်ချင်လို့ မိုက်တာလား . . .၊ အဝိဇ္ဇာက မိုက်တာလား၊ (အဝိဇ္ဇာက မိုက်တာပါဘုရား)။

ဒီအဝိဇ္ဇာကိုမှ ဆရာဘုန်းကြီးတွေက ဝိဇ္ဇာဖြစ်အောင် လုပ်မပေးတော့ပါဘူး၊ အသိနဲ့ လုပ်မပေးပါဘူး၊ အကျင့်နဲ့ကို လုပ်မပေးပါဘူး။ * အပယ်နဲ့လည်း လုပ်မပေးတော့ဘူးဆိုရင်ဖြင့်

---

* ပွားမှုကို ဆိုလိုသည်။

အသေဝနာစ ဗာလာ့န် - ထဲက မထွက်တော့ဘူး၊ (မထွက်တော့ပါဘုရား) ထွက်ပါဦးမလား၊ (မထွက်ပါဘုရား)။

ဒကာကြွယ် - တယ်ကြောက်စရာ ကောင်းပါလား (ကောင်းပါတယ်ဘုရား) အင်မတန် ကြောက်စရာ ကောင်းတယ်ဆိုတာ ဒကာဒကာမတွေ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့က ဝိပဿနာဉာဏ်၊ သစ္စာနုလောမိကဉာဏ်ကို ပေးရတော့မယ်၊ (မှန်ပါ့ဘုရား)။

ပေးလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ဖြစ်ပျက်တွေ မြင်တော့မှာပေါ့ဗျာ၊ (မှန်ပါ့) ဖြစ်ပျက်တွေ မြင်တော့သူ့အရှိကို သူမြင်တဲ့အတွက် အနိစ္စကိုလည်းမြင်၊ ဒုက္ခကိုလည်းမြင်၊ အနတ္တကိုလည်းမြင်၊ မပိုင်ကြောင်းသိတယ်၊ (မှန်ပါ့) ဖြစ်ပြီးပျက်တာ ဘယ်သူတားလို့ ရသလဲ၊ (မရပါဘုရား) ဖြစ်ပြီးပျက်တဲ့ အသေသည်ကားလို့ဆိုလို့ရှိရင် သုဘလား၊ အသုဘလား၊ (အသုဘပါဘုရား)။

## ဝိပဿနာရှုလိုက်တော့ အမှန်မှီဝဲတာ

အဲဒါတွေ သိထားတော့ "ပဏ္ဍိတာနဉ္စ သေဝနာ" ဆိုတဲ့အတိုင်း ပညာရှိဖြစ်သောကြောင့် မှီဝဲသင့်တာ အမှန်မှီဝဲလိုက်တယ်၊ (မှန်ပါ့ဘုရား) အမှန် ဝိပဿနာရှုလိုက်တော့ ပဏ္ဍိတာနဉ္စသေဝနာဖြစ်တယ်၊ (မှန်လှပါဘုရား)။

ဩော်-ဒို့ ဆရာဘုန်းကြီးသည် ဒို့ကို ဘယ်လိုများ ကယ်တင်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ အသေဝနာစ ဗာလာန်အဖြစ်မှ ပဏ္ဍိတာနဥ္စ သေဝနာ-ဆိုတဲ့ အဖြစ်ကို ပေးနေ ပါလား ဆိုတဲ့ဥစ္စာ ရှင်းသွားတယ်၊ (ရှင်းပါတယ် ဘုရား) မရှင်း ဘူးလား၊ (ရှင်းပါတယ်ဘုရား)။

အသေဝနာစ ဗာလာနံအဖြစ်မှဗျာ၊ (မှန်ပါ့) ပဏ္ဍိတာ နဥ္စ သေဝနာ အဖြစ်သို့ ရောက်အောင် ကယ်တင်ပို့နေတာပဲ၊ ဘုရားလည်း ဒါပဲ၊ (မှန်ပါ့) ဆရာဘုန်းကြီး ညွှန်ပြနေတာကော (ဒါပါပဲဘုရား)။

## ဖြစ်ပျက်မြင်မှ ပဏ္ဍိတ

ဒါပဲဆိုတော့ ဩော် - ဒါဖြင့် ဒကာဒကာမတို့ ပဏ္ဍိတ အဖြစ်ထဲ ရောက်အောင်ဖြင့် အနိစ္စမြင်မှ ဖြစ်ပျက်မြင်မှာပဲ၊ (မှန်လှပါဘုရား) သဘောပါပလား၊ (ပါပါပြီဘုရား)။

ဩော်-ဒါဖြင့် ဒကာကြွယ်တို့ ဦးလှဘူးတို့ တော်ပဲ တော်သေးရဲ့ကွာ၊ (မှန်လှပါဘုရား)။

ဒီအတိုင်း ဖြစ်ပျက်တွေ ဝေဒနာဖြစ်ပျက်ကိုလည်း ရှုလို့ မမြင်၊ စိတ်ဖြစ်ပျက်ကိုလည်း ရှုလို့မမြင်၊ ရုပ်ဖြစ်ပျက်ကိုလည်း ရှုလို့မမြင်ဘူးလို့ ဆိုလို့ရှိရင်ဖြင့် လူမိုက်တစ်ယောက် သေပေါက် သေဝသို့ ရောက်သွားရရှာလေပြီ ဆိုရမယ်၊ (ဆိုရမှာပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

လူမိုက်တစ်ယောက်ဖြင့် သေပေါက်သေဝရောက်သွား ပဟော့ မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား) ပဏ္ဍိတာနဥ္စ သေဝနာ သူမှီဝဲထိုက်တာ မှီဝဲလိုက်ရရဲ့လား၊ (မမှီဝဲရပါဘုရား)။

## မသိဘဲနဲ့ သေသွားတယ်

အဲဒီတော့ မမှီဝဲကောင်းတာ မှီဝဲပြီးသကာလ မသိဘဲနဲ့ သေသွားတော့ မသိမိုက်၊ မိုက်သွားတယ် ဆိုရင်လည်း မလွဲဘူးပေါ့ဗျာ၊ (မလွဲပါဘုရား)။

အဲဒီတော့ ဒကာဒကာမတို့ ပဏ္ဍိတာနဥ္စ သေဝနာ ဆိုတာသည်ကားလို့ ဆိုရင် ဖြစ်ပျက်ကို မြင်ပြီးသကာလ ဖြစ်ပျက် အဆုံးမြင်ပြီး သေတဲ့ပုဂ္ဂိုလ်မှ ဒကာကြွယ် ပါဠိတော်ထဲ သွင်းလိုက်၊ (မှန်ပါ့ဘုရား) ဘယ်ပါဠိတော်ထဲ သွင်းကြမတုံး (ပဏ္ဍိတာနဥ္စ သေဝနာပါဘုရား)။

ပဏ္ဍိတာနဥ္စ သေဝနာ၊ (မှန်ပါ့)၊ ပဏ္ဍိတာနံ၊ ပညာရှိသော ပုဂ္ဂိုလ်တို့အား။ ယာသေဝနာစ၊ အကြင်မှီဝဲဆည်းကပ်ရခြင်း သည်လည်းကောင်းဆိုတော့ ပညာရှိဆိုတာ ခင်ဗျားတို့ ဝမ်းထဲ သမ္မာဒိဋ္ဌိရောက်လာလို့ ဖြစ်ပျက်မြင်တာ၊ (မှန်ပါ့ဘုရား) ဒါ ပညာရှိအဖြစ်သို့ ရောက်သွားပါတယ်ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

## လူမိုက်မသာ

ဒါဖြင့် ကိုယ့်သန္တာန်မှာ အနိစ္စဖြစ်ပျက် မမြင်ဘဲနဲ့ ဒကာ သစ်ရေ သေသွားတဲ့ ပုဂ္ဂိုလ်များ ဘယ်လိုမသာပါလိမ့်မတုံးလို့ မေးဖို့မလို ဘူးလား၊ (လိုပါတယ်ဘုရား) လူမိုက်မသာလို့ ဆုံးဖြတ်ချက်ချ၊ (မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ (လူမိုက်မသာပါဘုရား)။

ဒကာကြွယ်တို့ သိထားတာက ဒီအကောင် မူးရူးပြီး သကာလ အန်ဖတ်ဆို့သေတယ်ဆိုမှ လူမိုက်မသာ၊ (မှန်လှပါ ဘုရား) သူတစ်ပါး သတ်ဖြတ်ပြီး ကြိုးကျတဲ့မသာမှ (လူမိုက် မသာပါဘုရား)။

မဟုတ်ပါဘူးတဲ့၊ အဲဒါက ဒါလောက် မဟုတ်ပါဘူး ဒကာကြွယ်ရ (မှန်ပါ့) ခုနင်က အနိစ္စကို နိစ္စမှတ်ပြီး သေသွားမယ်၊ သိပြီးသေသွားမယ်၊ အနိစ္စကို နိစ္စလို့ သိပြီးတော့ (မှန်ပါ့) အနိစ္စကို နိစ္စလို့ ခိုင်မြဲတယ်လို့ ယူပြီး သေသွားလို့ရှိရင်လည်း အဲဒါ လူမိုက် နေ လူမိုက်သေတာ မှတ်လိုက် (မှန်လှပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

အသေဝနာစ ဘာတဲ့ (ဗာလာနံပါဘုရား) မမှိဝဲကောင်း တာ မှိဝဲပြီး သေသွားတယ် (မှန်ပါ့) သဘောကျပလား၊ (ကျပါ ပြီ) မှိဝဲကောင်းတာ မှိဝဲပြီး သေပါရဲ့လား၊ (မသေပါဘုရား)။

ဒါဖြင့် ဒကာကြွယ်ရေ . . . မသာတွေမှာ ဘယ်မသာ များပါလိမ့်၊ (လူမိုက်မသာ များပါတယ်ဘုရား)။

ကြပ်ကြပ်စဉ်းစားပါ၊ ကိုယ်ဒီအထဲက လွတ်အောင် ရုန်းကြစမ်းပါဆိုတာကိုလည်း တိုက်တွန်းရတယ်၊ (မှန်လှပါ ဘုရား)။

ဒီအထဲမှ လွတ်အောင်ဖြင့် အားလုံး ဒကာဒကာမတွေ ရုန်းကြစမ်းပါ၊ လူမိုက်မသာဆိုတာ လူမိုက်တို့၏ သွားရာလမ်း ဟာ အပါယ်လေးပါးပဲရှိတယ်၊ (မှန်လှပါဘုရား) ဒီ့ပြင်ရှိသေးရဲ့ လား၊ (မရှိပါဘုရား)။

## ပုပ်ရိတဲ့မသာနဲ့ ဓါတ်တော်ဖြစ်တဲ့မသာ

အေး . . . ဒါတွေသိတော့မှ ဒို့ဖြင့် လူမိုက်မသာတော့ အဖြစ်မခံနိုင်ဘူးကွ၊ (မှန်ပါ့) ပဏ္ဍိတာနဥ္စ သေဝနာဆိုတဲ့ ပညာရှိ မသာဖြစ်အောင် လုပ်မယ်ဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့ မသာချင်းဟာလည်း ခြားနားပါတယ်၊ (ခြားနားပါတယ်ဘုရား) ပုပ်ရိတဲ့ မသာနဲ့ ဓါတ်တော်ဖြစ်တဲ့မသာနဲ့ ခြားနားတယ်၊ (မှန်ပါ့ ဘုရား)။

ပုပ်ရိတဲ့ မသာက လူမိုက်မသာ (မှန်လှပါဘုရား) ဓာတ်တော်တွေဖြစ်လာတဲ့ မသာက (လူလိမ်မာ မသာပါဘုရား) ပဏ္ဍိတာနဥ္စ သေဝနာဆိုတော့ မှီဝဲကောင်းတာ မှီဝဲပြီး သေတဲ့ လူလိမ်မာ မသာဆိုတာ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲ. . . ဒါဖြင့် တစ်သက်လုံး ဖုံးလေသမျှ သေခါမှပေါ် ဆိုတာဟာ ဒါပဲ၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

တစ်သက်လုံးတော့ဖြင့် ခင်ဗျားတို့ အဝတ်နဲ့ ဖုံးလိုက်၊ အစားနဲ့ဖုံးလိုက်၊ ဖီးလိမ်းပြီးသကာလ ဖုံးလိုက်နဲ့ ဖုံးငြားသော်လည်းတဲ့ သေတဲ့အခါကျတော့ ခတ်တော်မကျဘဲနဲ့ ပုပ်လိုက်၊ ညှီလိုက်၊ ဟောင်လိုက်နဲ့ မြေထဲမြှုပ်လိုက်ရတဲ့ မသာမျိုးသည်ကားလို့ ဆိုရင် "အသေဝနာစ ဗာလာနံ" ပဲ၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

## အဆုံးရောက်တဲ့ ပုံဂ္ဂိုလ် ခါတ်တော်ကျတယ်

ပဏ္ဍိတာနဥ္စ သေဝနာ-ဆိုတာကတော့ ဒကာဒကာမတို့ သစ္စာနုလောမိက ဉာဏ်ဆိုတဲ့ ဖြစ်ပျက်တွေကို မြင်လို့ ၎င်းဖြစ်ပျက်ခန္ဓာကိုယ်ကြီးကိုလည်း မုန်းလို့ ၎င်းဖြစ်ပျက် ခန္ဓာကိုယ်ကြီးအဆုံးကိုလည်း ရောက်သွားလို့ သေတဲ့ပုဂ္ဂိုလ်ကျတော့ ခါတ်တော်ကျတယ်၊ (မှန်လှပါဘုရား)။

ခါတ်တော်တွေအဖြစ် ပေါ်ပေါက်ပြီးသကာလ လာတော့ ဒါ-ပဏ္ဍိတက လုပ်လိုက်တာကို၊ (မှန်ပါ့ဘုရား) သမ္မာဒိဋ္ဌိက လုပ်လိုက်တာ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် "ပဏ္ဍိတာနဥ္စ သေဝနာ" ပုဂ္ဂိုလ်များကျတော့ ခါတ်တော်အဖြစ်သို့ ရောက်တယ်၊ (မှန်လှပါ) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့ တစ်သက်လုံး ဖုံးလေသမျှ သေခါမှ လူမိုက်မသာ ဖြစ်မယ်ဆိုရင်ဖြင့် ဒီတရား နာဖူးတဲ့ ပုဂ္ဂိုလ်တွေဖြင့် အတော်ရှက်စရာ ကောင်းပါတယ်၊ (ကောင်းပါတယ်ဘုရား)။

ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်လည်း မသေခင်ကတည်းက ပစ္စဝေက္ခဏာနည်း သေဝနာဖြစ်အောင် အနိစ္စအချက်တွေကို ဖြစ်ပျက်ရှုပြီးသကာလ ဝိပဿနာသ ပယ်ပြီးသကာလ ဒကာသစ် သေစမ်းပါ (မှန်လှပါဘုရား)။

မသေမည့် ပုဂ္ဂိုလ်ကတော့ မရှိဘူးပေါ့ဗျာ၊ (မှန်လှပါ) သို့သော် လူမိုက်မသာ အဖြစ်နဲ့ သေရတာ တစ်သက်လုံးဖုံးတာ သေခါမှ ပေါ်ဆိုတော့ ကောင်းသေးရဲ့လား၊ (မကောင်းပါဘုရား)။

တစ်သက်လုံး ဖုံးပြီးသကာလ လာတာ သေတော့လည်း ဓာတ်တော်တွေကျပြီးသကာလ သေတယ်ဆိုတော့ ဒကာကြွယ် ဦးလှဘူးတို့ တကယ်ကောင်းပေါ့၊ (ကောင်းပါတယ်ဘုရား)။

## ပူဇော်ထိုက်တာဖြစ်သွားမယ်

အဲဒီကျမှ ပူဇာစ ပူဇနေယျာနံ၊ ဩော်-သူ့ဓာတ်တော်တွေ ပူဇာစ ပူဇနေယျာနံ ပူဇော်ထိုက်ဖြစ်သွားတယ်၊ (မှန်လှပါဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ခါတ်တော်တွေက ဘာဖြစ်သွားသတုံး၊ (ပူဇော်ထိုက်သွားပါတယ်ဘုရား)။

အဲဒီကျတော့မှ ဇော်မင်္ဂလ မုတ္တမံ။ ဇော်၊ ဤသို့ သေခြင်းသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ ပူဇော်ထိုက်တဲ့ မင်္ဂလာ မည်သည်။ ဟောတိ၊ ဖြစ်၏။ (မှန်လှပါဘုရား) ခင်ဗျားတို့က မသုံးတတ်တော့ ဒါကို သာမည မှတ်နေတာကိုး (မှန်လှပါဘုရား)။

ဒကာကြွယ်ကြီးတို့ အသက်သာကြီးနေတယ်၊ ဒီပါဠိတော်လည်း အရသာပဲ၊ သုံးကို မသုံးတတ်ဘူး (မသုံးတတ်ပါဘုရား)။

## ပရိတ်ကလေး ရွတ်ပေးပါဘုရား

သုံးတော့ သုံးပါရဲ့ ပရိတ်ကလေး၊ မင်္ဂလသုတ်ကလေး ရွတ်ပေးစမ်းပါဘုရား၊ ဘာဖြစ်လို့တုံး၊ အန္တရာယ်ကင်းချင်လို့ (မှန်လှပါဘုရား)။

ဖြစ်မှဖြစ်ရပလေ၊ ဘုရားက ဒီလိုဟောတာမှ မဟုတ်ပဲ၊ (မှန်ပါ့ဘုရား) အသေဝနာစ ဗာလာနံဖြင့် သေတဲ့အခါ ပုပ်တယ်ကွ၊ (မှန်ပါ့) ပဏ္ဍိတာနဉ္စ သေဝနာ-ဆိုတာ သေတဲ့အခါ ဓာတ်တော်တွေကျသကွ၊ (မှန်ပါ့) အဲဒါကြောင့် ပူဇာစပူဇနေယျာနံ ဆိုတာ ပူဇော်ထိုက်တဲ့အဖြစ် သူရောက်တယ်ကွ၊ (မှန်လှပါ)။

ဒါ-သေသေချာချာဟောထားတာ၊ ဒကာကြွယ်တို့က အိမ်ကြွလာတဲ့ ဘုန်းကြီးကိုပရိတ်ကလေးရွတ်ခဲ့ပါဦးဘုရား၊ ကလေးက တယ်နေမကောင်းဘူးတဲ့၊ (မှန်ပါ့ဘုရား)။

## ခါတ်တော်ကျအောင်လုပ်ရမှာ

ဂွကျလိုက်တဲ့ဖြစ်ခြင်း၊ ကိုယ့်ဟာကိုယ်ဓာတ်တော်ကျ အောင်လုပ်ရမည့်ဥစ္စာ သူများပရိတ်ရွတ်ခိုင်းနေတော့ သာမည ကုသိုလ်တော့ ရတာပေါ့။ (မှန်ပါ့) အန္တရာယ်ကင်းလို့ ဘေးရှင်း တာတော့ရပါတယ်၊ ကိလေသာဘေးက ရှင်းရဲ့လား၊ (မရှင်း ပါဘုရား)။

အဲဒါတွေ သေသေချာချာ ဉာဏ်နဲ့ စဉ်းစားကြည့်တော့မှ ဘေးတကာ့ ဘေးမှာလည်း အတွင်းဘေးနဲ့ အပြင်ဘေး ဘယ်ဟာကြောက်စရာကောင်းသတုံး၊ (အတွင်းဘေး ကြောက် စရာ ကောင်းပါတယ်ဘုရား)။

အပြင်ဘေးကတော့ ဒီနေရာ မီးလောင်တယ်၊ ဟိုနေရာ ရွှေ့၊ ဒီနေရာ ရေရှိတယ်၊ ဟိုတောင်ကုန်းရွှေ့၊ မလွတ်ဘူးလားဗျာ၊ (လွတ်ပါတယ်ဘုရား) ဒီမင်း အုပ်ချုပ်ရေး ရက်စက်တယ်ဆိုရင် ဒီမင်းနိုင်ငံမှတစ်ပါး ထွက်သွားလိုက် မလွတ်ဘူးလား၊ (လွတ်ပါ တယ်ဘုရား) အတွင်းကိလေသာဘေးကတော့ ဒကာ ဒကာမ တို့ ဝမ်းထဲအနုသယသဘောနဲ့ ကိန်းပါသွားလို့ လွတ်ကဲ့လား၊ (မလွတ်ပါဘုရား)။

အဲဒီတော့ အပြင်ဘေးနဲ့ အတွင်းဘေးမှာလည်း ဒကာသစ် ဘယ်ဟာ ကြောက်စရာ ကောင်းသတုံး၊ (အတွင်း ဘေး ကြောက်စရာကောင်းပါတယ်) သဘောကျပလား၊ ကျပါပြီဘုရား)။

## ပရိတ်ရွတ်တာ အပြင်ဘေးကာကွယ်တာ

ဒါဖြင့် ဒကာဒကာမတွေ ပရိတ်ရွတ်တာသည် ဒီအပြင် ဘေးကိုသာ ကာကွယ်နိုင်၍ အလုပ်-လုပ်ခဲ့သော် အတွင်းဘေး ကို ကာကွယ်ပါတယ် (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

ပရိတ်ရွတ်တာသည် အပြင်ဘေးကိုတော့ဖြင့်၊ ကာကွယ် ပါတယ်ဘုရား) ယုံလည်း ယုံကြည်မယ်ဆိုရင် ကာကွယ်တယ်၊ မိလိန္ဒ မင်းကြီးက မေးတဲ့အခါမှာ ယုံလည်း ယုံကြည်ကြမယ်၊ ဒီက ရွတ်တာလည်း မှန်မယ်ဆိုလို့ရှိရင် အန္တရာယ်ကင်းပါတယ် လို့ ပြောတယ်၊ (မှန်ပါ့)၊ သို့သော် အပြင်ဘေးသာ ကင်းတယ်၊ (မှန်ပါ့) အတွင်းကိလေသာဘေးကတော့၊ (မကင်းပါဘုရား)။

## ဘယ်ဘေးက ကြောက်စရာကောင်းသတုံး

မကင်းသေးတော့ အပြင်ပေးနဲ့ အတွင်းဘေးမှာလည်း ဘယ်ဟာက အရေးတကြီး ကြောက်စရာကောင်းတယ်ဆိုတာ

ပေါ်လာပြီ၊ (ပေါ်လာပါပြီဘုရား) ကဲ-ဒကာသစ် ဘယ်ဟာ ကြောက်စရာကောင်းသတုံး၊ (အတွင်းဘေးက ကြောက်စရာ ကောင်းပါတယ်ဘုရား)။

အပါယ်ရောက်တာ အပြင်ဘေးကြောင့်လား၊ အတွင်း ဘေးကြောင့်လား၊ (အတွင်းဘေးကြောင့်ပါဘုရား) မယုံ စဉ်းစား ကြည့်၊ အတွင်းမှာ တဏှာ ဥပါဒါန်ကံကြောင့် အပါယ်ရောက် တာ၊ (မှန်ပါ့) ဒီ ပဋိစ္စသမုပ္ပါဒ်ပို့လိုက်လို့ ရောက်တာ၊ (မှန်လှပါ ဘုရား) သူများက သွားစေဆိုလို့ ရောက်တာ ဟုတ်ကဲ့လား၊ (မဟုတ်ပါဘုရား) သဘောပါပလား၊ (ပါ-ပါပြီ)။

ဒါဖြင့် အတွင်းဘေးနဲ့ အပြင်ဘေး ဘယ်သူ ကြောက် စရာကောင်းသတုံး၊ (အတွင်းဘေး ကြောက်စရာ ကောင်းပါ တယ်ဘုရား)။

## အတွင်းဘေးက ပဋိစ္စသမုပ္ပါဒ်ဘေး

အတွင်းဘေးက ပဋိစ္စသမုပ္ပါဒ် ဘေးကိုးဗျ၊ (မှန်ပါ့) ဝဋ်လည်တဲ့ ပဋိစ္စသမုပ္ပါဒ် ဘေးသင့်တယ်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယနေ့က စပြီး ငါသည် ဒါကို သားထင်နေတယ်၊ သမီးထင်နေတယ်၊ သားဟူသော ခင်ခြင်း၊ သမီးဟူသော ခင်ခြင်းနဲ့ ခင်နေတယ်၊ သားဟူသော အားကိုးလုံး၊ သမီးဟူသော အားကိုးလုံးနဲ့

ခင်နေသေးသမျှ ကာလပတ်လုံး အသေ၀နာ၀ဇာလာန် ငါပဲဟ-လို့ ဆုံးဖြတ်ချက်ချ(မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အသေ၀နာစ ဇာလာန်ဟာ၊ (ငါပဲလို့ ဆုံးဖြတ်ရပါမယ်) ငါပဲလို့ ဆုံးဖြတ်ချက်ချ ဒကာကြွယ်ရ၊ (မှန်လှပါဘုရား) မချရဲဘူးလား၊ (ချရဲပါတယ်ဘုရား) မချရဲလည်း ဖြစ်နေတာပဲ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ) မချလည်း (ဖြစ်နေပါတယ်ဘုရား) ဦးလှရွှေ ကျေနပ်ပလား၊ (ကျေနပ်ပါပြီဘုရား)။

## အမှတ်မှား

ဒါက ဘယ်အချိန်တုံးဘုရား၊ အို. . . သားမြင်လိုက်၊ သမီးမြင်လိုက်တဲ့အခါ သားဟူသော အမှတ်, သားမို့ ခင်ရတယ်ဟူသော အသိ, သားမို့ အားကိုးရလိမ့်မယ်ဆိုတဲ့ အယူ၊ ဒီအမှတ်၊ ဒီအသိ၊ ဒီအယူကို ယူတိုင်း-ယူတိုင်း ဘယ့်နှယ်ဆိုကြမယ်၊ (အသေ၀နာစ ဇာလာန်ပါဘုရား) ခုမှ ရွတ်တတ်ပေတော့တယ်၊ (မှန်ပါ့ဘုရား)။

## အယူမှား

သားဟူသောအမှတ်၊ ခင်ရလိမ့်မယ်ဆိုတဲ့စိတ်ထား၊ အားကိုးရလိမ့်မယ်ဆိုတဲ့ အယူမှား။ ဒါ လာတိုင်း လာတိုင်း ကိုယ့်သန္တာန် ဘာဖြစ်နေသလဲ၊ (အသေ၀နာစ ဇာလာန် ဖြစ်နေပါတယ်ဘုရား)။

## အစွဲမှား၊ ပြုလုပ်မှား၊ အပါယ်သွား

အသေဝနာစ ဇာလာနံဆိုတဲ့အတိုင်း မမှိဝဲအပ်တာ မှီဝဲသောကြောင့် ဝိပ္ပလ္လာသ သုံးချက်လိုက်တယ်၊ (မှန်လှပါ ဘုရား) ဝိပ္ပလ္လာသ သုံးချက်ကြောင့် ခုနင်က ဒိဋ္ဌိမှားကြောင့် အယူမှား - အစွဲမှား ပြုလုပ်မှား အပါယ်သွားဆိုတဲ့ ပဋိစ္စ သမုပ္ပါဒ်ကြီးက လာသလား . . . မလာဘူးလား (လာပါတယ် ဘုရား)။

ဒကာသစ် ရှင်းပလား၊ (ရှင်းပါပြီဘုရား) ဩော် . . . ဒါဖြင့် ဘုန်းကြီးတို့သည် ကိုယ့်ကိုယ်ကိုယ် မိုက်တာကို ကိုယ် မသိတာ ဒကာကြွယ် လောက အဆိုးဆုံးပါပဲ (အဆိုးဆုံးပါ ဘုရား)။

လောကအဆိုးဆုံးတရား ဘယ်တရားပါလိမ့်၊ (ကိုယ့် ကိုယ်ကိုယ်မိုက်တာ မသိတာပါဘုရား) ကိုယ်မိုက်တာ ကိုယ် မသိတာ အဆိုးဆုံးလို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

ကိုယ်မိုက်တာကို၊ (ကိုယ်မသိတာ အဆိုးဆုံးပါဘုရား)။

ဒါကလေးဟာ ဒကာဒကာမတို့ တကယ့်သမီးလို့ မှတ်လိုက်လို့ရှိရင်ဖြင့် အသေဝနာစ ဇာလာနံ၊ (မှန်ပါ့ဘုရား) တကယ့် သမီးလို့ မှတ်လိုက်ရင်၊ (မှန်ပါ့ဘုရား)။

ဟာ - ဒါဟာ ခေါ်ဝေါ်ရုံခေါ်ဝေါ်ရတဲ့ သမီးလို့ မှတ်ထား ပြန်တော့လည်း ကိစ္စမရှိပါဘူး (မှန်ပါ့ဘုရား) သဘောကျ ပလား၊

(ကျပါပြီ) အင်း. . . ဒီကိစ္စသည် မကောင်းတရားကလေးသာ ရှိပါတယ်။ စင်စစ်တော့ဖြင့် ကျုပ်တို့ အပါယ်ကျလောက်အောင် မခင်ပါဘူးလို့ ဆိုလို့ရှိရင်လည်း တဲ့၊ ပဏ္ဍိတာနဥ္စ သေဝနာ ဖြစ်ပါတယ်၊ (မှန်ပါ့ဘုရား)။

သို့သော် ဒီခန္ဓာကြီးဟာ သမီးခန္ဓာ, သားခန္ဓာဆိုတာ အနတ္တတွေပါ၊ ဘယ်သူ့ ဘယ်သူမှ အားကိုးလို့ ရတာမဟုတ်ပါဘူးလို့ သိပြန်တော့လည်း ပဏ္ဍိတာနဥ္စသေဝနာ သွားဖြစ်တယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဟာ - ဒီလိုမဟုတ်မူ၍ သမီးစစ်ပဲ၊ ဒါကြောင့် ခင်ရတယ်၊ သူပဲ အားကိုးစရာ အစစ်ပဲ ဒီလိုယူလို့ရှိရင် ဘယ်ပါဠိတော်ထဲ သွင်းကြမတုံး (အသေဝနာစ ဗာလာနံပါဘုရား) ဟာ-ဒါဖြင့် လူမိုက်မသာ ဖြစ်ရတော့မယ်၊ (မှန်လှပါဘုရား)။

## ဝိပ္ပလ္လာသတွေမဖယ်ရှားရင်

ဘယ့်နှယ်ဆိုကြမလဲ၊ (လူမိုက်မသာ ဖြစ်ရပါမယ်) လူမိုက်မသာဖြစ်ရတော့မယ်ဆိုတာ သေချာကြပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီဝိပ္ပလ္လာသတွေ မဖယ်မရှားဘဲနဲ့ သေသွားတဲ့ ပုဂ္ဂိုလ်တွေဖြင့် ဒကာသစ်တို့ ဒကာကြွယ်တို့ ဦးလှဘူးတို့ ဦးလှတို့ပဲ ဆုံးဖြတ်ချက်ချပါ၊ ဘာမသာတွေ

များပါလိမ့်၊ (လူမိုက်မသာတွေ များပါတယ်ဘုရား) လူမိုက်မသာက များတယ်၊ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ သာသနာတွင်းသားဖြစ်ပြီး လူမိုက်မသာဖြစ်ရတာ အနာဆုံးပေါ့ (မှန်လှပါဘုရား)။

## အမှားသုံးချက်နဲ့သေရင်

သာသနာတွင်းသားတော့ဖြစ်ရဲ့ (မှန်ပါ့ါဘုရား) ခုနင်က ကလျာဏမိတ္တဆိုတဲ့ သူတော်ကောင်းနဲ့ မပေါင်းရလို့ အမှတ်မှား၊ အသိမှား၊ အယူမှားနဲ့ သေသွားလေရဲ့ဆိုတော့ ဒကာသစ်ဘာမသာလို့ ဆိုမလဲ၊ (လူမိုက်မသာပါဘုရား) တယ်လည်းကြောက်စရာကောင်းပါလား၊ (ကြောက်စရာကောင်းပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း . . ဒါဖြင့် လူမိုက်မသာအဖြစ်မှ ဒကာဒကာမတွေ ပြောင်းချိန်လွှဲချိန်ကလေး ရှိသေးလို့ အလုပ်ပေးပါတော့မယ် ပြောင်းကြ လွှဲကြစို့၊ (မှန်လှပါဘုရား)။

ဒါဖြင့် သဗ္ဗာယတနသံယုတ်ပါဠိတော်ကို ဒကာဒကာမတို့ စ,တော့မယ်၊ (မှန်ပါ့ါဘုရား)။

ရဟန်းတစ်ပါးက အရှင်ဘုရား-တဲ့၊ သက္ကာယဒိဋ္ဌိ ပယ်ပုံကလေး တပည့်တော်ကို အမိန့်ရှိပါဘုရားတဲ့၊ (မှန်လှပါဘုရား) သက္ကာယဒိဋ္ဌိပယ်ပုံကလေး အမိန့်ရှိစမ်းပါတဲ့။

ဒကာဒကာမတို့ ဘာအမိန့်ရှိခိုင်းတာတုံး၊ (သက္ကာယ ဒိဋ္ဌိပယ်ပုံကလေး အမိန့်ရှိခိုင်းတာပါဘုရား)။

## သက္ကာယဒိဋ္ဌိပယ်ပုံအမိန့်ရှိပါ

ဒါ-ရဟန်းတစ်ပါးက လျှောက်တယ်၊ (မှန်ပါ့) တပည့်တော်အား သက္ကာယဒိဋ္ဌိပယ်ပုံကလေး အမိန့်ရှိစမ်းပါ ဆိုတော့ ဘုရားက အဲဒီလိုကွာတဲ့ . . . မင်းတို့ သတိပဋ္ဌာန် လေးပါးထဲက စိတ်ကိုရှုရင်လည်း . . . တဲ့၊ စိတ်တွေ ရှုနည်းကို လည်း ဒကာဒကာမတွေ အရင်တုန်းက ပြောထားတယ်၊ (မှန်ပါ့) လောဘစိတ်လာလည်း လောဘစိတ်ရှုရမှာပဲ၊ (မှန်ပါ့) ဒေါသစိတ်လာလည်း၊ (ဒေါသစိတ်ရှုရမှာပါ) မောဟစိတ်လာလည်း၊ (မောဟစိတ် ရှုရမှာပါ) ကုသိုလ်စိတ်လာလည်း (ကုသိုလ်စိတ် ရှုရမှာပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် လာတဲ့စိတ် ဟူသရွေ့ကို ပုထုဇဉ် သန္တာန်လာတဲ့ စိတ်ဟူသရွေ့ ဘာလုပ်ကြမယ်၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီကဲ့သို့ ရှုလို့ရှိရင်ဖြင့် "ဝိညာဏံ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ" (မှန်ပါ့ဘုရား)။

## ဖြစ်ပျက်မြင်ရင် သက္ကာယဒိဋ္ဌိပယ်တယ်

ဩော်-သက္ကာယဒိဋ္ဌိပယ်၊ ပယ်ဆိုတာ အလွယ်ကလေးပါကွ-တဲ့၊ ဘုရားက ဖြေလိုက်တယ်၊ (မှန်လှပါဘုရား)

မင်းတို့ စိတ်ရှုတဲ့ ပုဂ္ဂိုလ် စိတ်ဖြစ်ပျက်မြင်လို့ ရှိရင်ဖြင့်တဲ့ သက္ကာယဒိဋ္ဌိ ပယ်တာပဲတဲ့၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

စိတ်ရှုတဲ့ပုဂ္ဂိုလ် စိတ်ဖြစ်ပျက်မြင်ရင် (သက္ကာယဒိဋ္ဌိ ပယ်ပါတယ်ဘုရား)။

ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ဝေဒနာဖြစ်ပျက်မြင်ခဲ့သော် (သက္ကာယဒိဋ္ဌိပယ်ပါတယ်ဘုရား)။

ဩော်-ဒါဖြင့် ဦးလှရေ သက္ကာယဒိဋ္ဌိပယ်နည်း နိဿရည်းကို ရဟန်းတစ်ပါးကလျှောက်လို့ ဘုရားက "ဝိညာဏံ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ" တဲ့။ ကွာတဲ့၊ ဒါ-လွယ်လွယ်ကလေးပဲ၊ မင်းတို့ ခက်တာမှ မဟုတ်ပဲ၊ သစ္စာနုလောမိကဉာဏ်နဲ့ ပေါ်တဲ့စိတ်တွေကို ဖြစ်ပျက် ရှုနေလို့ ရှိရင် သက္ကာယဒိဋ္ဌိ ပယ်တာပါပဲတဲ့၊ (မှန်လှပါဘုရား)။

ပေါ်တဲ့စိတ်တွေကို (ဖြစ်ပျက်ရှုနေရင် သက္ကာယဒိဋ္ဌိ ပယ်ပါတယ်ဘုရား)။

## စိတ်ကို ပြောကြစို့

ဒီနေ့ စိတ်ကိုပဲ ပိုင်ပိုင်နိုင်နိုင် ဒကာကြွယ် ပြောကြစို့၊ (မှန်လှပါဘုရား)။

ဒကာဒကာမတို့ ပေါ်တဲ့စိတ် ဖြစ်ပျက်ရှုနိုင်ရင် ဘာပယ် သတဲ့တုံး၊ (သက္ကာယဒိဋ္ဌိ ပယ်ပါတယ်ဘုရား)။

ဩော်-ဒါဖြင့် ဒိဋ္ဌိဝိပ္ပလ္လာသဟာ ခုနင်တုန်းက လေးမျိုး ပါတယ်၊ (မှန်ပါ့) မပါဘူးလား (ပါ-ပါတယ်ဘုရား)။

ဩော် ဒိဋ္ဌိလေးမျိုးကို ပယ်ချင်လို့ရှိရင်ဖြင့် ခင်ဗျားတို့ သန္တာန်ပေါ်တဲ့ လောဘစိတ်လာလည်း နောက်ကမဂ်နဲ့ပဲ ဖြစ်ပျက် ရှုပါ၊ (မှန်ပါ့ဘုရား)။

လောဘစိတ်လာလည်း (မဂ်နဲ့ ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒေါသစိတ်လာတော့ (ဖြစ်ပျက်ရှုရပါမယ်) မဂ်နဲ့ ဖြစ်ပျက်ရှု (မှန်လှပါဘုရား) သဘောကျပလား (ကျပါပြီဘုရား) ဖြစ်ပျက် ရှုရင် မဂ်ဖြစ်တာပဲ၊ (မှန်လှပါဘုရား)။

မောဟစိတ်ဆိုတဲ့ ဝိစိကိစ္ဆာများလာရင်ကော (ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဟာ-စိတ်ကလေးက ပျံ့လွင့်တယ် ဘုရား ဆိုလို့ရှိရင် လည်း ပျံ့လွင့်တဲ့စိတ် ဘာလုပ်ရမလဲ၊ (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ဩော်-သူလည်း ဖြစ်ပြီး ပျက်တာပဲလို့ ဒကာကြွယ် ရှုပေးနေတော့ ဟောဒီက ဒိဋ္ဌိဝိပ္ပလ္လာသ လေးမျိုး ပြုတ်တယ်၊ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဝိပ္ပလ္လာသ ဘယ်နှစ်မျိုး ပြုတ်သလဲ၊ (လေးမျိုးပြုတ်ပါတယ်ဘုရား)။

ကြည့်လေ ဘုရားက ဝိညာဏံ (ဝေယျာလ) ပဟီယတိ၊ ဝိညာဏံ = စိတ်ဝိညာဏ်ကို၊ အနိစ္စတော = အနိစ္စအားဖြင့်၊ ဇာနတော = သိသော၊ ပဿတော = ရှုသော ပုဂ္ဂိုလ်အား၊ သက္ကာယာဒိဋ္ဌိ = ဒိဋ္ဌိလေးပါးဆိုတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ လေးပါးကို၊ ပဟီယတိ = ပယ်အပ်၏. . . တဲ့၊ (မှန်လှပါဘုရား)။

## ဝိပ္ပလ္လာသလေးမျိုး၊ မဂ်ကပယ်တယ်

ဒီမဂ်ကပယ်တယ်၊ (မှန်ပါ့) ဒါကို ဖြစ်ပျက်မြင်လို့ရှိရင် မဂ်ဖြစ်တယ်၊ (မှန်ပါ့) ဒီမဂ်ကဒိဋ္ဌိဝိပ္ပလ္လာသလေးမျိုးကို၊ (ပယ်ပါတယ်ဘုရား)။

အနိစ္စကို နိစ္စလို့ ယူထားတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ၊ ဒုက္ခကို သုခလို့ယူထားတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ၊ အနတ္တကို အတ္တလို့ ယူထားတဲ့၊ (ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား) အသုဘကို သုဘလို့ ယူထားတဲ့၊ (ဒိဋ္ဌိ ဝိပ္ပလ္လာသပါဘုရား) ဝိပ္ပလ္လာသ ဘယ်နှစ်ပါးရှိသလဲ၊ (လေးပါး ပါဘုရား)။

အဲဒီလေးပါးကို ပယ်ချင်လို့ရှိရင်ဖြင့် ခင်ဗျားတို့ သန္တာန် ဘယ်စိတ်လာလာ ရှုစိတ်လာလည်း ဖြစ်ပျက်ရှု၊ (မှန်ပါ့) ရှုက်စိတ် ကလေးလာလည်း၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီကဲ့သို့ဖြစ်ပျက်ရှုလို့ရှိရင် "ဝိညာဏံ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ" (မှန်ပါ့ဘုရား)။

## ကိုယ့်စိတ်ကိုဖြစ်ပျက်ရှု

ဩော်-ဒါဖြင့် ဒီ ပါဠိတော်ဟာ ဒကာ ဒကာမတို့ မသိတဲ့ ပုဂ္ဂိုလ်တွေအတွက် ဒိဋ္ဌိအဖြုတ်တယ်ခက်တယ် (မှန်ပါ့) သိတဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် ကိုယ့်စိတ်ကို ဖြတ်ပျက်ရှု၊ (မှန်လှပါဘုရား)။

ကိုယ့်စိတ်ကို၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှုပေး၊ (မှန်ပါ့ဘုရား)။

ဩော်-ဒကာ ဒကာမတို့ ကိုယ့်စိတ်ကို ဖြစ်ပျက်ရှုရတာ သူများဆီ ငှားရဦးမှာလား (မငှားရပါဘုရား) ငှားလို့ရှိရင်လည်း ဘုန်းကြီးက အရှုတော့ခိုင်းတာပဲ၊ တပည့်တော်တို့က ငှားမရလို့ လို့ ဆင်ခြေလဲရင်လည်း လဲကြပါတော့၊ (မှန်ပါ့) အခုတော့ ငှားစရာမရှိဘူး၊ ကိုယ့်စိတ်ကတော်တော်နေရင်း တစ်စိတ်ပေါ်ရင်း၊ တော်တော် နေရင်း တစ်စိတ်ပေါ်ရင်း၊ ပေါ်တဲ့နောက်က နေဖြစ်ပျက်ရှုမိတာသာ ဒကာ ဒကာမတို့ ကိုယ့်အရေးလို နေတယ်မှတ်လိုက်၊ (မှန်ပါ့ဘုရား) ကိုယ့်အရေးမလိုဘူးလား၊ (လိုပါတယ်ဘုရား)။

## ဖြူစင်တဲ့စိတ်လာလည်းဖြစ်ပျက်ရှု

အေး-ဒါကြောင့် ပုထုဇဉ်မှာဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ လောဘစိတ်လာမယ်၊ ဒေါသစိတ်လာမယ်၊ မောဟ စိတ်လာမယ်၊ မလာပေဘူးလား၊ (လာပါတယ်ဘုရား) ကိလေသာ စိတ်တွေကော၊ (လာပါတယ်ဘုရား) အဲ-သူတစ်ပါး ဖြူစင်တဲ့ စိတ်လာလည်း သူ့ကို ဘာလုပ်ရမလဲ၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒါက ကိလေသာစိတ်၊ ဒီက ဖြစ်ပျက်ရှု၊ (မှန်ပါ့ဘုရား)။

မစ္ဆရိယစိတ်လာပြန်ရင်ကော၊ (ဖြစ်ပျက်ရှုရမှာပါဘုရား) အကုန်ရှုနော်၊ (မှန်ပါ့) ဟာ-နောက်ဆုံးပိတ်ပြောပါရစေတော့ ဒကာ ဒကာမတို့ သူတစ်ပါးကုန်းတိုက်ချင်တဲ့စိတ်ကလေးလာ ရင်၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ပျော်ချင်တဲ့စိတ်ကလေးပေါ် လာပြန်ရင် (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ရယ်ချင်တဲ့စိတ်ကလေး ပေါ်လာရင် (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ငိုချင်တဲ့ စိတ်ကလေး ပေါ်ရင် (ဖြစ်ပျက်ရှုပါရမယ်ဘုရား) အကုန်သာရှု၊ (မှန်ပါ့ ဘုရား)။

## ရှုတာကမင်္ဂ၊ သေတာကဒိဋ္ဌိ

ဒါဖြင့် ရှုလိုက်တော့ဖြစ်ပျက်၊ ရှုတာကမင်္ဂ၊ (မှန်ပါ့ ဘုရား) သေတာကဒိဋ္ဌိ၊ (မှန်လှပါဘုရား) သဘောကျပလား (ကျပါပြီဘုရား)၊

ဖြစ်ပျက်က အနိစ္စ, ရှုတာက မဂ္ဂ၊ သေတာကာဒိဋ္ဌိ၊ (မှန်ပါ့) သက္ကာယဒိဋ္ဌိပြုတ်ပြီ၊ (မှန်လှပါ) မပြုတ်ပေဘူးလား၊ (ပြုတ်ပါတယ်ဘုရား)။

ဩော်-ဒါဖြင့် သက္ကာယဒိဋ္ဌိပြုတ်တော့ ဘုရားတပည့်တော်တို့ ကိုယ့်စိတ်ကိုယ်ရှုရတာနဲ့ သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဆိုတော့ ဒကာကြွယ်တို့က ဖြုန်းခနဲဆိုတော့ မြန်လှချည်လားဘုရားလို့ ထင်ချင်ထင်လိမ့်မယ်နော်၊ (မှန်ပါ့ဘုရား)။

မမြန်ပါဘူးတဲ့၊ နဂိုက ဘယ်တော့မှ မရှုဖူးဘူး၊ (မှန်ပါ့) ခက်လိုက်သည့်ဖြစ်ခြင်းက (မှန်လှပါဘုရား)။

စိတ်တွေသာ မှီပေါက်နေတယ် ဒကာ ဒကာမတို့ စိတ်တစ်ခုပေါ် လိုက် ပဋိစ္စသမုပ္ပါဒ် ဆက်လိုက်၊ (မှန်ပါ့)။

စိတ်တစ်ခုပေါ် လိုက် (ပဋိစ္စသမုပ္ပါဒ် ဆက်လိုက်ပါ) ဒီလိုသာ အချိန်ကုန်ပြီး သကာလ လာကြပါတယ်၊ နောက်က မင်လိုက်တယ်လို့ရှိရဲ့လား၊ (မရှိပါဘုရား)။

## ယနေ့ကစပြီးပြောင်းကြပါတော့

အခုတော့ဖြင့် ယနေ့ကစပြီးပြောင်းကြပါတော့၊ (မှန်ပါ့) ဒကာ ဒကာမတို့ သန္တာန် ဘယ်စိတ်ပေါ် လာလာ ဘာလုပ်ရမလဲ၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုတော့ကို ဘာကို ပယ်သတုံး၊ (ဒိဋ္ဌိပယ်ပါတယ်) သက္ကာယဒိဋ္ဌိပယ်တယ်၊ (မှန်ပါ့)။

ဩော်-ဒါဖြင့် ဒို့ဟာ ဒီအလုပ်ဟာ ပိုက်ဆံလည်း မကုန်ဘူး၊ (မှန်ပါ့) သတိ ပညာလေးနဲ့ ပေါ်တာကို စောင့်ရှုဖို့ပဲ၊ (မှန်ပါ့)။

သတိ ပညာကလေးနဲ့ (ပေါ်လာတာ စောင့်ရှုဖို့ပါ) အေး-ဒါကြောင့် "သမ္မဇာနကာရီ ဟောတိ" သမ္မဇာနကာရီ ဟောတိ-ဆိုတာ မလာဘူးလား၊ (လာပါတယ်ဘုရား)။

## သတိပညာကလေးနဲ့ရှုရှုပေး

အဲ-သတိပညာကလေးနဲ့ရှုရှု-ရှုရှုပေးလို့ရှိရင်ဖြင့် ဒကာလှရေ ဘာပယ်သတဲ့တုံး၊ (ဒိဋ္ဌိပယ်ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိပယ်တယ်၊ (မှန်ပါ့)။

သဘောပါလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီနားနည်းနည်းကလေး ဒကာ ဒကာမတွေ မှတ်ဖို့ရာက ဒကာ ဒကာမတွေမှာ အပါယ်ကြောက်နေရတယ်၊ ငရဲဘုံရောက်မှာ ကြောက်ရ၊ (မှန်ပါ့) တိရစ္ဆာန်ဘုံရောက်မှာ (ကြောက်ရပါတယ်ဘုရား) ပြိတ္တာဘုံရောက်မှာ (ကြောက်ရပါတယ်ဘုရား) ငရဲရောက်မှာ (ကြောက်ရပါတယ်ဘုရား)။

မကြောက်နဲ့-တဲ့၊ ဒီဒိဋ္ဌိ အခုရှိနေရင် သာကြောက် (မှန်လှပါဘုရား) ဒီဒိဋ္ဌိမရှိလို့ရှိရင်ဖြင့် ငရဲမျိုးစေ့ ဝမ်းထဲမှာ မရှိဘူး၊ (မှန်လှပါ)။

ငရဲမျိုးစေ့ (ဝမ်းထဲမှာ မရှိပါဘုရား) ဩော်-ငရဲမျိုးစေ့ ဝမ်းထဲမှာ မရှိတဲ့ပုဂ္ဂိုလ်ဟာ ငရဲကျလိမ့်ဦးမလား၊ ငရဲပင် ပေါက်လိမ့်ဦးမလား၊ ဘာမှ မတွေးပါနဲ့၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

## သက္ကာယဒိဋ္ဌိပြုတ်တဲ့နေ့

ဒါကြောင့် ယနေ့သည် ဘာလုပ်တဲ့နေ့တုံးဆိုတော့ သက္ကာယပြုတ်တဲ့နေ့၊ (မှန်လှပါ)။

ဘယ်သူ့အပေါ်မှာ ပြုတ်လိုက်ပါလိမ့်မတုံး . . . ဆိုတော့ ဒီတရားကို ဖြစ်ပြီးပျက်တဲ့တရားလို့ သိလိုက်သဖြင့် အနိစ္စလည်း သိပြီ၊ (မှန်လှပါ) ဒုက္ခကော၊ (သိပါပြီဘုရား) အနတ္တကော (သိပါပြီဘုရား) အသုဘကော၊ (သိပါပြီဘုရား) သိတာပဲတဲ့၊ အသုဘဆိုတာလည်း ဖြစ်ပြီးပျက်တယ်ဆိုတာ သေတာပဲ၊ (မှန်လှပါဘုရား) သေတဲ့အသုဘ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)။

ဒီကဲ့သို့သိတော့ ဒကာ ဒကာမတို့ ဒိဋ္ဌိလေးမျိုးဟာ အနိစ္စကို နိစ္စလို့ယူတဲ့ဒိဋ္ဌိ၊ ဒုက္ခကို သုခလို့ယူတဲ့ဒိဋ္ဌိ၊ အနတ္တကို

အတ္တလို့ယူတဲ့ဒိဋ္ဌိ၊ အသုဘကို သုဘလို့ယူတဲ့ဒိဋ္ဌိလေးမျိုး ဘယ့်နှယ်နေသတုံး၊ (သေပါတယ်ဘုရား) သူ့ဘာမျိုးစေ့တဲ့ တုံး ဘုရားက၊ (ငရဲမျိုးစေ့ပါဘုရား)။

## ငရဲမျိုးစေ့ကို မဂ်ကပယ်တယ်

ငရဲမျိုးစေ့ကို ဒီမဂ်က ပယ်ချလိုက်တယ်၊ (မှန်ပါ့) ဒါဖြင့် ဝမ်းထဲမှာ ငရဲမျိုးစေ့မရှိဘဲနဲ့ ဘယ့်နှယ်ငရဲပင်ပေါက်မလဲ၊ (မပေါက်နိုင်ပါဘုရား) ပေါက်နိုင်စရာ ရှိသေးရဲ့လား၊ (မရှိပါ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ငရဲမျိုးစေ့ဖြုတ် ချင်လို့ရှိရင်ဖြင့်၊ မိမိစိတ်ကို မိမိရှုပါ၊ (မှန်လှပါ)။

ဘယ်ဟာ ရှုကြမလဲ၊ (မိမိစိတ်ကို မိမိရှုရပါမယ်ဘုရား) ဒကာသစ် အရှာခက်သလား၊ (မခက်ပါဘုရား) သတိပညာနဲ့ လိုက်နိုင်ဖို့သာ အရေးကြီးတယ်၊ (မှန်ပါ့) အရှာကတော့ မခက် ပါဘူး၊ (မှန်ပါ့) အရှာကတော့ တစ်စိတ်ပြီး တစ်စိတ်ပေါ်မှာပဲ၊ (ပေါ်မှာပါဘုရား) မပေါ်ရင်ခင်ဗျားတို့ သေမှာပေါ့၊ (မှန်ပါ့)။

စိတ်တစ်ခုနဲ့ အသက်ရှင်နေကြတယ်ဆိုတာ ပေါ်ပြီ၊ (ပေါ်ပါပြီဘုရား) ဒီစိတ်မှ မပေါ်ရင် ဘယ့်နှယ်ဆိုကြမလဲ၊ (သေ ပါတယ်ဘုရား) ဒါဖြင့် ပေါ်လာတဲ့စိတ်ကို နောက်ကနေပြီး မဂ်နဲ့ အသက်ရှင်အောင် လုပ်ပါ၊ (မှန်လှပါဘုရား)။

အရင်စိတ်ချုပ်သွားတာ ရှုလိုက်တော့ ဘာနဲ့ အသက် ရှင်သတုံး၊ (မဂ်နဲ့ အသက်ရှင်ပါတယ်ဘုရား)။

## မဂ်နဲ့အသက်ရှင်နေရင်မဂ်ပုဂ္ဂိုလ်

ဒါ့ကြောင့် မဂ်ပုဂ္ဂိုလ်ဆိုတာ မဂ်နဲ့ရှင်နေရင် မဂ်ပုဂ္ဂိုလ်၊ (မှန်ပါ့) မဂ်နဲ့ အသက်ရှင်နေရင်၊ (မဂ်ပုဂ္ဂိုလ်ပါဘုရား)။

ခင်ဗျားတို့ မဂ်ပုဂ္ဂိုလ်ဆိုတာ တခြားလားမှတ်နေတာ အပြီးသတ်တော့ ဒီမဂ်ကလေးနဲ့ အသက်ရှင်နေရင် ဘယ့်နှယ် ဆိုကြမလဲ၊ (မဂ်ပုဂ္ဂိုလ်ပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့သည် မဂ်နဲ့ အသက်ရှင်လို့ ရှိရင် ဝင်လာသရွေ့ စိတ်ကို ဘာလုပ်ကြမယ်၊ (ဖြစ်ပျက် ရှုရပါ မယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ လာသရွေ့ရှုတာက ဖြစ်ပျက် ရှုတာက၊ (မဂ်ပါဘုရား) ဒါဖြင့် ဘာနဲ့ အသက်ရှင်နေသလဲ၊ (မဂ်နဲ့သာ အသက်ရှင်နေပါတယ်ဘုရား)။

မဂ်နဲ့ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သည် မဂ်ဆိုတာ ဒိဋ္ဌိ ကိလေသာ ဖြတ်ပါတယ်၊ (မှန်ပါ့)။

ဒိဋ္ဌိကိလေသာကို၊ (ဖြတ်ပါတယ်ဘုရား) သဘောကျ ပလား (ကျပါပြီဘုရား)။

ကောင်းပြီ. . . ဒိဋ္ဌိကိလေသာ ဖြတ်လိုက်တော့ ငရဲမျိုး စေ့ဝမ်းထဲရှိသေးသလား၊ (မရှိပါဘုရား)။

ဒါဖြင့် ငရဲမျိုးစေ့ ဝမ်းထဲမရှိတဲ့ပုဂ္ဂိုလ်ဟာ ငါသည် သေလို့ရှိရင်ဖြင့် ငရဲရောက်ဦးမှာလားလို့ မေးစရာလိုသေး သလား၊ (မလိုပါဘုရား)။

ဒကာကြွယ်. . . ရှင်းပလား၊ (ရှင်းပါပြီဘုရား) ဦးလှ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

## မဂ်နဲ့ အသက်ရှင်ဖို့အရေးကြီးတယ်

ဩော်. . . ဒါဖြင့် မဂ်နဲ့ အသက်ရှင်ဖို့ အရေးကြီးတယ်၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဘာနဲ့ အသက်ရှင်ဖို့လဲ၊ (မဂ်နဲ့ အသက်ရှင်ဖို့ အရေးကြီး ပါတယ်ဘုရား) မဂ်နဲ့ အသက်ရှင်ရင် ဒိဋ္ဌိက ဘယ့်နှယ်နေ သတုံး၊ (ပြုတ်ပါတယ်ဘုရား) ဒိဋ္ဌိပြုတ်တော့ ငရဲမျိုးစေ့ဝမ်းထဲ ရှိသေးရဲ့လား၊ (မရှိပါဘုရား) ဒိဋ္ဌိက ငရဲမျိုးစေ့၊ (မှန်ပါ့)။

## အပါယ်တံခါးပိတ်တယ်

ကောင်းပြီ-ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သက္ကာယပြုတ်ရင် အပါယ်လေးပါး တံခါးပိတ်တယ်၊ (ပိတ်ပါ တယ်ဘုရား) မပိတ်သေးဘူးလား၊ (ပိတ်ပါတယ်) ကောင်းပြီ ဒါဖြင့် ဒါက အပွားနဲ့ပြုတ်တာနော်၊ (မှန်ပါ့ဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ခါတိုင်း ၂-ရက် ၃-ရက် ပျောနေတာက ဒကာသစ် အသိနဲ့ပြုတ်တယ်၊ (မှန်ပါ့ ဘုရား)

အနိစ္စကို နိစ္စလို့ထင်နေတာ မထင်ကောင်းဘူးလို့ သိတာကိုးဗျ၊ (မှန်ပါ့)။

ယနေ့ညစ္စာတော့ ဖြစ်ပျက်ရှုပြီး ဖြုတ်ရသည်ဖြစ်လေသောကြောင့် အပွားနဲ့ ပြုတ်တာလို့မှတ်လိုက်၊ (မှန်ပါ့) ဘာနဲ့ပြုတ်တာတုံး၊ (အပွားနဲ့ပြုတ်တာပါဘုရား)။

## အပွားနဲ့ပြုတ်တော့ခဏပဲပြုတ်တယ်

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ အပယ်နဲ့ ပြုတ်ပုံ ပြဦးမယ်၊ (မှန်ပါ့ဘုရား) အပွားနဲ့ပြုတ်တော့ ခဏပဲပြုတ်တယ်၊ (မှန်ပါ့) အပယ်နဲ့ဖြုတ်တဲ့အခါကျတော့ ဒီမဂ်ဟာ ပယ်တတ်တဲ့ မဂ်ဖြစ်လိမ့်ဦးမယ်၊ (မှန်လှပါဘုရား) အဲဒီပယ်တတ်တဲ့ မဂ်ဖြစ်လိုက်တဲ့အခါကျတော့ သူတို့ဘယ်တော့မှ မလာတော့ဘူး၊ (မလာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ယခုဟာက ဘာနဲ့ပြုတ်တာတုံး၊ (အပွားနဲ့ပြုတ်တာပါဘုရား) ပွားလိုက်-ပြုတ်လိုက်၊ (မှန်ပါ့) ဒီအပေါ်က အနိစ္စလို့ မဂ်နဲ့ ပွားလိုက်ပြုတ်သွားလိုက်၊ (မှန်လှပါဘုရား) မဂ်နဲ့ ပွားလိုက် ပြုတ်လိုက်၊ ဒီလိုပဲ နေသေးတယ်၊ (မှန်ပါ့) မပွားတဲ့အခါ သူ-ရောက်နေပြန်ပြီ၊ (မှန်ပါ့ဘုရား) စိတ်ချရရဲ့လား၊ (မချရပါဘုရား)။

ကဲ-ဒါဖြင့် ဦးလှဘူးတို့ ဒကာကြွယ်တို့ အနာဟာ ရှင်းရှင်းပျောက်တာကောင်းတယ်၊ (မှန်ပါ့) ပျောက်တော့

ပျောက်ပါရဲ့၊ အညှော်နံ့ရင် ငန်းမန်း ကြွလာပြန်သေးတယ်ဆို တာ မြုံနာဖြစ်နေတယ်၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် မြုံနာကိုကြိုက်သလား-သက်သာတာကြိုက် သလား လုံးလုံးပျောက်တာ ကြိုက်သလား၊ (လုံးလုံး ပျောက် တာ ကြိုက်ပါတယ်ဘုရား)။

## လုံးလုံးပျောက်တဲ့ရှုနည်း

အဲ-လုံးလုံးပျောက်တာ ကြိုက်တော့ကို လုံးလုံးပျောက် တဲ့ ရှုနည်းကို ပြရတော့မယ်၊ (မှန်ပါ့)။

လုံးလုံးပျောက်တာ ကြိုက်တော့ကို (လုံးလုံးပျောက်တဲ့ ရှုနည်းကို ပြရပါတော့မယ်ဘုရား) ဒကာသစ် မပြရပေဘူးလား၊ (ပြရပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အိမ်မှာနေတဲ့ အခါကျလို့ရှိရင် ဖြင့် အပွားနဲ့ပြုတ်အောင်လုပ်နေလို့ရှိရင် ဒီအပွားကြီးကျယ်လာ ရင် မဂ်ဖြစ်မယ်၊ (မှန်ပါ့)။

ပွားပါများရင် ဘာဖြစ်မတုံး၊ (မဂ်ဖြစ်ပါမယ်) မဂ်ဖြစ် မယ်ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာသစ်တို့က ပွားပြီးလာဝဲ့စိတ် ဟူသရွေ့ တပည့်တော်ဖြင့် ဖြစ်ပျက်-ဖြစ်ပျက်နဲ့ ရှုမိတာချည့်ပဲ ဘုရာ့၊ မရှုမိတော့မရှိပါဘူးဘုရားလို့ဆိုတော့ သစ္စာနုလောမိက

ဉာဏ်ရသွားတယ်၊ (မှန်ပါ့) သစ္စာနုလောမိကဉာဏ်ဆိုတာ ဒီဉာဏ်ပဲ၊ (မှန်ပါ့ဘုရား)။

## ကိစ္စဉာဏ်တက်ပြီ

ဒါဖြင့် သစ္စာနုလောမိကဉာဏ်ရလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သစ္စဉာဏ်, ကိစ္စဉာဏ်တက်ဖို့ပဲရှိတော့တယ် (မှန်ပါ့) ဒီ့ပြင်ဘာလိုသေးသလဲ၊ (ဘာမှမလိုပါဘုရား)။

ကိုင်း-ဒါဖြင့် ဒီဟာ နောက်တော့ စိတ်ပေါ်လာတိုင်း၊ လာတိုင်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဩော်-ဒီစိတ် ကလေးဟာလည်း ဘယ်စိတ်လာလာ ကိုယ့်ဉာဏ်အောက်မှာ ရောက်လာတာ ဖြစ်ပျက်ပဲတွေ့တယ်၊ (မှန်ပါ့ဘုရား)။

ဘာပဲတွေ့ကြသလဲ၊ (ဖြစ်ပျက်ပဲ တွေ့ကြပါတယ်) ဖြစ်ပျက်ပဲ တွေ့တယ်ဆိုတာ သေချာကြပလား၊ (သေချာပါပြီ ဘုရား)။

## ဖြစ်ပျက်ဟာ၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ

ဩော်-ဒီဖြစ်ပျက်ဟာ ဖြစ်ဒုက္ခ-ပျက်ဒုက္ခပဲလို့ ဆုံးဖြတ် ချက်ချ၊ (မှန်ပါ့ဘုရား)။

ဖြစ်ဒုက္ခ-ပျက်ဒုက္ခပဲလို့ ဆုံးဖြတ်ချက်ချရပါမယ်၊ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒီဖြစ်ပျက်ဟာ တခြားမဟုတ်ဘူး၊ ဖြစ်ဒုက္ခ-ပျက်ဒုက္ခပဲလို့ ပြင်လိုက်၊ ဉာဏ်ထဲမှာပြင်ပေးလိုက်ပါ၊ (မှန်ပါ့ဘုရား)။

ပြင်ပေးလိုက်တဲ့အခါကျတော့ ဖြစ်ဒုက္ခ-ပျက်ဒုက္ခဆိုတာ သူများဒုက္ခလား-မိမိဖြစ်ပျက်ဒုက္ခလား၊ (မိမိဖြစ်ပျက်ဒုက္ခပါဘုရား)။

## ဒီဒုက္ခကြီး၊ မလိုချင်တဲ့ဉာဏ်

ဒါဖြင့် ဒီဒုက္ခကြီး မလိုချင်တော့ပါဘူးဆိုတဲ့ဥစ္စာ ဉာဏ်ရင့်လာလိမ့်မယ်၊ (မှန်ပါ့) ရှုတဲ့ဉာဏ်က မရင့်ပေဘူးလား၊ (ရင့်ပါတယ်ဘုရား)။

ရင့်တဲ့ဉာဏ်ရတဲ့အခါကျလို့ရှိရင် ဒါဖြစ်ဒုက္ခ-ပျက်ဒုက္ခပဲဆိုတာ ရှေ့ပိုင်းမှာ ဖြစ်ပျက်တွေ အကုန်ချုပ်တယ်၊ (မှန်ပါ့) စိတ်တွေ မလာတော့ဘူး၊ (မှန်ပါ့) မလာတော့ဘူးဆိုတာ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် သူ့ရှေ့နားမှာ အရင်တုန်းက ဖြစ်ဒုက္ခ-ပျက်ဒုက္ခလည်း အခုတွေ့သေးရဲ့လား၊ (မတွေ့ပါဘုရား) ဒါဖြင့် ဒုက္ခဆုံးသွားပြီ၊ (ဆုံးသွားပါပြီဘုရား)။

## ဒုက္ခဆုံးတာနိဗ္ဗာန်၊ မြင်တာကမဂ်ဉာဏ်

ဒါဖြင့် ဒုက္ခဆုံးတာ နိဗ္ဗာန်၊ (မှန်ပါ့) မြင်တာက (မဂ်ဉာဏ်ပါဘုရား)။

လုံးလုံးဒိဋ္ဌိမျိုးစေ့ ပြုတ်သွားတာက အပါယ်ငရဲမျိုးစေ့ ဝမ်းထဲမှာ ဘယ်တော့မှ မရှိလို့ ဘယ်တော့မှ မကျတာလို့ မှတ်ပါ၊ (မှန်ပ့ါ) သဘောပါကြပလား၊ (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်မြင်အောင်ရှု ၁-နံပါတ် (မှန်ပ့ါ)။ ဖြစ်ပျက် မုန်းအောင်ရှု၊ (၂-နံပါတ်ပါ) ဖြစ်ပျက် ဒုက္ခသစ္စာလို့ သိပြီးဆုံးအောင် ရှုလိုက်စမ်းပါ၊ (မှန်ပ့ါ)။ ဆုံးအောင်ရှုလိုက်တဲ့အခါကျတော့ ဒကာ ဒကာမတို့ ဆုံးလည်း ဆုံးရော၊ ဒီဘက်က ဒုက္ခသစ္စာတွင် ဆုံးတာမကပါဘူး၊ (မှန်ပ့ါ ဘုရား)။ ဒီဘက်က သမုဒယဆိုတဲ့ ဒိဋ္ဌာနုသယတွေလည်း အကုန်ဆုံးတယ်၊ (မှန်ပ့ါ)။ နှစ်ဘက်ဆုံးကြီး၊ (မှန်ပ့ါဘုရား)။

နှစ်ဘက်ဆုံးကြီးဆိုတာက ဒကာ ဒကာမတို့ ဝါးတစ်ခု ကို တစ်တောင်လောက် ဓားထက်ထက်နဲ့ ဖြတ်လိုက်တဲ့အခါ ကျတော့ ဖြတ်တာကတော့ တစ်ချက်တည်း၊ ပြတ်တာက နှစ် ပိုင်းဖြစ်တယ်၊ (မှန်ပ့ါဘုရား)။

ဖြတ်တာကတော့ တစ်ချက်တည်းပါ၊ ပြတ်တာက (နှစ်ပိုင်းဖြစ်ပါတယ်ဘုရား)။

## ဒိဋ္ဌာနုသယချုပ်တယ်

ထို့တူပဲတဲ့၊ ခင်ဗျားတို့ ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင် သိတဲ့ အခါကျတော့ ဒုက္ခလည်း ချုပ်ပါတယ်၊ (ချုပ်ပါတယ်) ဒီဘက် က ဒိဋ္ဌာနုသယကော၊ (ချုပ်ပါတယ်) မဂ်က အလယ်ကနေဖြတ် တယ်၊ (မှန်ပ့ါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

မင်္ဂလာ ... (see lines)

မဂ်အလယ်ကနေ မဖြတ်ဘူးလား၊ (ဖြတ်ပါတယ်)၊ မဂ္ဂင်ရှစ်ပါးက အလယ်ကနေပြီး ဖြတ်လိုက်တာ ဒုက္ခလည်း ပြတ်ထွက်သွားတယ် (မှန်ပါ့)။ ဒီဘက်က သမုဒယဆိုတဲ့ ဒိဋ္ဌိကော၊ (ပြတ်ပါတယ်) ဒကာသစ် ကျေနပ်ပလား၊ (ကျေနပ်ပါပြီဘုရား)။

## မဂ္ဂင်ရှစ်ပါးဖြစ်မှပယ်ပြတ်

သြော်-ဒါဖြင့် ရှစ်ပါးဖြစ်မှသာလျှင် ဒကာ ဒကာမတို့ ပယ်ပြတ်ပါလား၊ (မှန်ပါ့)၊ ငါးပါးနဲ့တုန်းကတော့ ဘာတဲ့၊ ပွားပြုတ်၊ (မှန်ပါဘုရား)။

အရင် နေ့တိုင်း ပြုပြီး အမှတ်ထားနေတာကတော့ဖြင့် သညာနဲ့ ပြုတ်တာ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သိပြုတ်ပြီးတော့ ပွားပြုတ်လုပ်ပါ၊ (မှန်ပါ့)။ ပွားပြုတ်ပြီးတော့ ဘာတုံး၊ (ပယ်ပြုတ်လုပ်ရပါမယ်ဘုရား)။

## ပယ်ပြုတ်ရောက်ရင်သောတာပန်တည်ပြီ

ပယ်ပြုတ်ရောက်လို့ရှိရင်ဖြင့် ခင်ဗျားတို့ သောတာပန်တည်ပြီ၊ (မှန်ပါ့)။ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်သည် ဒကာ ဒကာမတို့ ရှေ့ပိုင်းကခန္ဓာလည်းပျောက်တယ်၊ (မှန်ပါ့) နောက်ပိုင်းက ဒိဋ္ဌိပျောက်တယ်၊ (မှန်ပါ့ဘုရား)။

ရှေ့ပိုင်းက (ခန္ဓာပျောက်ပါတယ်)။ နောက်ပိုင်းက (ဒိဋ္ဌိပျောက်ပါတယ်ဘုရား)။

ဒါဖြင့် ရှုနေတဲ့ ရှေ့ပိုင်းက ဒကာ ဒကာမတွေ ဖြစ်ပျက်တွေလည်း ရှာမတွေ့ဘူး၊ (မှန်ပါ့)။ ဝမ်းထဲရှိတဲ့ဒိဋ္ဌိလေးပါးက ကော၊ (ရှာမတွေ့ပါ)။ ဒိဋ္ဌိလေးပါးကလည်း ပျောက်ထွက်သွားတယ် ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ပယ်ပြုတ်ဆိုတာသည် ဟောဒီ မဂ်က နှစ်ခုလုံး ပယ်ချလိုက်တာ၊ (မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာကိုလည်း ပိုင်းပိုင်းခြားခြား သိပြီးပယ်လိုက်တယ်၊ (မှန်ပါ့) ဒိဋ္ဌိကိလေးပါးကိုလည်း ပယ်ပစ်လိုက်တယ်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ပယ်ပြုတ်နဲ့ကျမှ စိတ်ချကြပါဆိုတာ ယနေ့ ဟောလိုက်ပါတယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ရထားလည်းလာပြီ၊ ယနေ့ ဒီတွင်တော်ကြဉ်းစို့. . ။
သာဓု. . . သာဓု. . . သာဓု